# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၃)



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး






နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် ကြွေသီးစက်ရုံ (ချောက်) ၌ ကြွေသီးများ ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# စိုက်ပျိုးမြေတိုးချဲ့ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရန် ရေရရှိရေးသည် အဓိကဖြစ်

# မြစ်ရေတင်စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများ ပိုမိုထိရောက်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

## ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်သည့်အပင်များကို တိုးချဲ့စိုက်ပျိုး

## အောင်မြင်ဖြစ်ထွန်းနေသည့်အပင်များကို ဂရုတစိုက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်

နေပြည်တော် ဇွန် ၁၄

မန္တလေးတိုင်း ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၂ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် မကွေးတိုင်း မကွေးခရိုင် ချောက်မြို့နယ်ရှိ သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသို့ ရောက်ရှိကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ချောက်မြို့နယ် ဓာတ်မြေကျေးရွာအုပ်စုရှိ တောင်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

### ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်တွင် ပြသထားသည့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က လိုက်လံရှင်းလင်းပြသပြီး ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၀-၂၀၀၁ ခုနှစ်မှစ၍ တမာပင် သီးသန့်စိုက်ခင်းများ၊ တမာနှင့် အခြားသစ်မျိုးစုံစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခဲ့မှု၊ ရှင်သန်မှုနည်းပါးသော အချို့နေရာများတွင် ဖြည့်စွက်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

### မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသနှင့်ကိုက်ညီပြီး ဖြစ်ထွန်းအောင်မြင်နိုင်သည့် *စာမျက်နှာ ၈ ကော်လံ ၁* ✱

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၁၅ ရက်)

# စေတနာရှင်များ၏ သန့်သောသွေးဖြင့် အသက်ကယ်တင်နိုင်ကြပြီ

ယနေ့ကမ္ဘာပေါ်တွင် အကြေးငွေမယူဘဲ စေတနာအလျောက် သွေးလှူဒါန်းမှုကို အားပေးဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံပေါင်း ၅၇နိုင်ငံ၌ ရာနှုန်းပြည့် စေတနာသွေးလှူဒါန်းနေကြပေပြီ။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများက ၂၀၀၅ခုနှစ်မှစပြီး ဇွန်လ ၁၄ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်။ သွေးလှူရှင်များသည် လူနာများအား သွေးသွင်းကုသမှုနှင့် အသက်ကယ်ရန်အတွက် အရေးကြီးသူများဖြစ်ကြောင်း ပြည်သူလူထုမှ ပိုမိုကျယ်ပြန့်စွာ သိရှိစေရန်နှင့် သွေးလှူဒါန်းခဲ့သော သွေးလှူရှင်များအား ၎င်းတို့၏ လှူဒါန်းမှုအတွက် ကျေးဇူးတင်ကြောင်း ဂုဏ်ပြုမှတ်တမ်းပြုနိုင်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၀ခုနှစ်အတွက် လူငယ်များအား သွေးလှူဒါန်းလာရေးနှင့် သွေးလှူရှင်စည်းရုံးရေးတွင် ပါဝင်လာစေရန် ဦးတည်၍ ကျင်းပခဲ့သည်။

စေတနာသွေးလှူရှင်တို့မည်သည် သွေးကို မိမိ၏ သဘောဆန္ဒအလျောက် ပေးလှူခြင်းဖြစ်ပြီး ယင်းသို့ပေးလှူခြင်းအတွက် ပစ္စည်းနှင့် အကြေးငွေတစ်စုံတစ်ရာ မျှော်ကိုးရယူခြင်းမရှိသောသူများဖြစ်သည်။ တစ်ချိန်တည်း၌ သွေးလှူခွင့်ရသော စေတနာသွေးလှူရှင်ရနိုင်သည့် ဆုလာဘ်မှာ ၎င်းကိုယ်တိုင် ကျန်းမာခြင်းပကတိရှိနေခြင်းပင် ဖြစ်သည်။ ကျန်းမာ၍သွေးသန့် ၊ သွေးသန့်၍ လှူဒါန်းနိုင်ခြင်း ဖြစ်သည်။

သွေးလှူဘဏ်များတွင် သွေးလှူရှင်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိပြီး လိုအပ်သည့်အချိန်တွင် ဆက်သွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။ သွေးလှူရှင်များအနေဖြင့် မိမိတို့၏ ကျန်းမာရေးကို စောင့်ရှောက်စစ်ဆေးပြီး အချိန်မှန် ပြန်လည်လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ သွေးလှူဘဏ်ဝန်ထမ်းများကလည်း သွေးလှူရှင်များအန္တရာယ်ကင်းရန်၊ သွေးလှူရှင်များ စိတ်ချမ်းသာရန် ဝန်ဆောင်မှုပေးခြင်းဖြင့်လည်းကောင်း၊ လိုအပ်သည့်အချိန်တွင် လိုအပ်သော သွေးလုံလောက်စွာ အချိန်မီရရှိနိုင်ရေးကိုလည်းကောင်း ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၁၀ကမ္ဘာ့သွေးလှူရှင်များနေ့ ဆောင်ပုဒ်ဖြစ်သည့် ''လူငယ်အများ သွေးသန့်စင်၊ အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်''အရ ယနေ့ သွေးလှူရှင်လူငယ်များသည် သန့်စင်သောသွေးဖြင့် လူသားတို့၏ အသက်ကိုကယ်တင်လျက် စေတနာသွေးလှူရှင်များ ပိုမိုပေါ်ထွက်လာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ရန်ကုန်မြောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
## တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန်၁၁ရက်က ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းမှူး(ဇနီး)နှင့် တာဝန်ရှိသူတို့က ပျိုးပင်များကို ဖြန့်ဝေပေးကြပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ညှိနှိုင်းဖြည့်ဆည်း**

ထို့နောက် တိုင်းမှူးသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောင်းဆောင်သစ်များ နေပြည်တော်တပ်ကုန်း၌ဖွင့်
## စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဇွန် ၁၄

ကျောင်းဆောင်သစ်များဖွင့်ပွဲ၊ ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၃ရက် နံနက်၉နာရီက နေပြည်တော်တပ်ကုန်းအမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

**ဖွင့်လှစ်ပေး**

ရှေးဦးစွာ ကျောင်းဆောင်သစ်အား မက်စ်မြန်မာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်ကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး**(ယာပုံ)** ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေက ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။ ထို့နောက် မက်စ်မြန်မာကုမ္ပဏီမှ အသစ်ဆောက်လုပ်လှူဒါန်းသည့် လေးခန်းတွဲ ကွန်ကရစ်တစ်ထပ်ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ထောက်ပံ့လှူဒါန်း**

ဆက်လက်၍ ကျောင်းဆောင်သစ်အား အလှူရှင်များက ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်တပ်ကုန်းရှိ ကျောင်းနေရန်ခက်ခဲသည့် ကျေးရွာအုပ်စု ၃၉အုပ်စုမှ ကျောင်းသား ကျောင်းသူ ၂၁၅ဦးအား စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ နေပြည်တော်တပ်ကုန်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား မောင်အာကာထက်နိုင်အား ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ကို ပေးအပ်သည်။ ၎င်းအပြင် အခမ်းအနားတွင် အလှူရှင်မိသားစုက ကျောင်းခြောက်ကျောင်းပြုပြင်ရန်၊ ကျေးရွာရေပေးရေးနှင့် လမ်းတံတားများပြုပြင်ရန်အတွက် အလှူငွေကျပ် ၃၆၄သိန်း ထောက်ပံ့လှူဒါန်းသည်။ **(သတင်းစဉ်)**



## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ခန္ဓာ့စက်ရုံမြေဆွေးပုံ** တရားတော် (ဆရာတော် အရှင်ပညိန္ဒာဓိဝံသ)
- ၆:၅၅ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၇)
- ၈:၃၀ Sports World
- ၈:၅၅ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ **တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း** (အပိုင်း-၁)
- ၉:၁၅ ကုသိုလ်အမျှညီတူရစေ များဝေနေ
- ၉:၃၅ Sunday Talk
- ၁၀:၂၅ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
- ၁၀:၄၅ စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံ
- ၁၀:၅၅ အယသမင်္ဂီတို့ဖြစ်တည်ရာ
- ၁၁:၀၀ **အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၁:၂၀ Cartoon Show Time (Cinderella-III)
- ၁၂:၀၀ နွေ၊ မိုး၊ ဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၂:၁၅ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ် ကျင့်ကြစို့
- ၁၂:၄၀ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
- ၁:၀၀ **ခန္ဓာ့စက်ရုံမြေဆွေးပုံ** တရားတော် (ဆရာတော်အရှင် ပညိန္ဒာဓိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Rock Beach)
- ၃:၂၀ မေတ္တာသည်သာတတ်စွမ်းနိုင်တာ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၇)
- ၄:၀၅ တေးဂီတအစီအစဉ်
- ၄:၁၅ ကုသိုလ်အမျှညီတူရစေ များဝေနေ
- ၄:၃၅ Korea Scoul မြို့ မြင်ကွင်း
- ၅:၀၀ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ **တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း** (အပိုင်း-၁)
- ၅:၃၀ Roat to Highest Competition (Mexico)
- ၅:၄၀ Celebrity Style (နန်းဆုရတီစိုး)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Cartoon Show Time (Cinderella-III)
- ၆:၅၅ Fashion Music Festival (Rock Beach)
- ၇:၂၅ Korea Scoul မြို့မြင်ကွင်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (Seconds From Disaster Motorway Plane Crash)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၇)
- ၁၀:၀၀ Celebrity Style (နန်းဆုရတီစိုး)
- ၁၀:၁၅ သင်ကြားရေးလမ်းညွှန် (MHR သင်တန်းကျောင်း)
- ၁၀:၄၀ နွေ၊ မိုး၊ ဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၀:၅၅ **အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၁:၀၅ အနွေးထွေးဆုံးလက်တစ်စုံ
- ၁၁:၂၀ အယသမင်္ဂီတို့ဖြစ်တည်ရာ
- ၁၁:၃၀ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့ကကျောက်စာတော်စေတီတော်
- ၁၁:၄၀ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်
## ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ သွေးလှူဒါန်း

*ရန်ကုန် ဇွန် ၁၄*

*MO ASIA Co.,Ltd.-Dumex က ကြီးမှူး၍ ဇွန်၁၃ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့နှင့် ဇွန်၁၄ရက်တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသော ကလေးငယ်များအတွက် သွေးလှူဒါန်းပွဲ၊ ပျော်ရွှင်ဖွယ်အစီအစဉ်များနှင့် အာဟာရအတွက် Dumex နို့မှုန့်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး၌ ကျင်းပသည်။*

*ရှေးဦးစွာ MO ASIA Co.,Ltd.-Dumex မှ တာဝန်ရှိသူတစ်ဦးက သွေးလှူဒါန်းပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Dumex နို့မှုန့်များကို လှူဒါန်းရာ တွဲဖက်ပါမောက္ခ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။*

***ပါဝင်ဆင်နွှဲ***

*ထို့နောက် Dumex Brand Ambassador ရုပ်ရှင်နှင့် ဗီဒီယို သရုပ်ဆောင်အကယ်ဒမီလူမင်းက ကလေးငယ်များအတွက် ပျော်ရွှင်ဖွယ် အစီအစဉ်များအဖြစ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် သွေးလှူဒါန်းပွဲကို ကျင်းပရာ ဆေးရုံတွင် တက်ရောက်ကုသနေသော ကလေးငယ်များ၊ သွေးလှူရှင် Dumex World Member များ၊ အခြားစေတနာဖြူစင် သွေးလှူရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဆေးရုံတာဝန်ရှိသူများ ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်ရွက်ရပ်မှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# စက်ရုံအတွင်း စိုက်ပျိုးနိုင်သည့်မြေရိယာအားလုံးတွင် ဝါကုန်ကြမ်းကို ကိုယ်တိုင်စိုက်ပျိုးရန်လိုအပ် ငွေကြေးရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမား၍ ရေရှည်စွမ်းအားပြည့် လည်ပတ်နိုင်ရန်ဆောင်ရွက်

## စက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျစီမံ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်

နေပြည်တော် ဇွန် ၁၄

**မကွေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၁၃ရက်တွင် မကွေးတိုင်း မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် နံနက် ၇နာရီ ၁၅မိနစ်တွင် မော်တော်ယာဉ်ဖြင့် မကွေးမြို့မှ ထွက်ခွာလာရာ နံနက် ၁၀နာရီတွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း တည်နေရာ၊ စီမံကိန်းရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေစိမ့်တား ကွန်ကရစ်နံရံ၊ ရေလွှဲမြောင်းနှင့် ယာယီရေထိန်းတမံ တည်ဆောက်ပြီးစီးမှု၊ ပင်မတမံ၊ ရေပိုလွှဲ၊ Intake,Penstock & Power House နှင့် ၇၄မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

### စီစဉ်ဆောင်ရွက်နေ

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရေအားလျှပ်စစ်စီမံကိန်းနေရာသို့ ဓာတ်အားလိုင်းများသွယ်တန်းပြီးစီးမှုနှင့် စီမံကိန်းပြီးစီးပါက မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ရန် စီစဉ်ဆောင်ရွက်နေမှုကို လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက မကွေးတိုင်းနှင့် ဆက်စပ်ဒေသများအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးဌေးဦးက မုန်းချောင်းပေါ်ရှိ ရေလှောင်တမံစီမံကိန်းများ၊ စလင်းရေကူတမံ၊ ရေဘုတ်ကြီးရေလှောင်တမံနှင့် ကျောက်ချပ်ရေလှောင်တမံတို့မှ ရေပေးဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းပေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သော စက်သုံးဆီ၊ ဘိလပ်မြေ၊ သံချောင်းစသည့် လုပ်ငန်းသုံးပစ္စည်းများပြည့်စုံအောင် နိုင်ငံတော်က ဖြည့်ဆည်းပေးမည်ဖြစ်၍ လက်ကျန်လုပ်ငန်းများ အမြန်ပြီးစီးအောင် အားသွန်ခွန်စိုက်ဆောင်ရွက်သွားရန်နှင့် အရည်အသွေးကောင်းမွန်ရေးကို ဂရုတစိုက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဤစီမံကိန်းမှ ရေပေးဝေမည့် ရေပေးမြောင်းများပါ တစ်ပါတည်းပြီးစီးအောင်၊ ဆည်ပြီး မြောင်းပြီးဖြစ်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ထို့အပြင် ကြီးအုံ- ကြီးဝ ရေလှောင်တမံစီမံကိန်း၊ သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် စိုင်ဒင် ရေအားလျှပ်စစ်စီမံကိန်းတို့မှ လုပ်ငန်းများ ပြီးစီးပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ဆက်စပ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့် ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာ လုပ်ငန်းများကို ကြိုတင်၍ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guandong New Technology & Import & Export Cooperation မှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေပိုလွှဲတည်ဆောက်နေမှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြီးအုံ-ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကို မုန်းချောင်းရေလှောင်တမံ၏ အောက်ဘက် ၁၅မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီးရှိ မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိပြီး ရေဧကပေ ၄၆၃၀၀၀ သိုလှောင်၍ လယ်မြေဧကတစ်သိန်းခန့်ကို ရေသွင်းစိုက်ပျိုးနိုင်ရန်၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှကာကွယ်ရန်၊ သီးထပ်စိုက်ပျိုးဧက ပိုမိုတိုးချဲ့ရေပေးဝေနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အား ၇၄မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းခင်းရန်ကျောက်များ ကြိုတင်စုဆောင်းထားမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ်(၂၉၆/၁)ရှိ မဲဇလီကြိုးတံတားအနီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အရှည်မိုင် ၄၅၀ ၅ဖာလုံရှိ ပုသိမ်-မုံရွာလမ်းမကြီးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ရာ၌ လမ်းနယ်မြေအလိုက် အပိုင်းသုံးပိုင်းခွဲ၍ ကုမ္ပဏီ၁၈ခု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အဖွဲ့ ၂၃ဖွဲ့၊ စုစုပေါင်းလုပ်ငန်းအဖွဲ့ ၄၁ဖွဲ့ဖြင့် စုဖွဲ့ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ရင်းနှီးမြှုပ်နှံသုံးစွဲ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပွင့်ဖြူမြို့နယ် ဆည်တော်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် ဆည်ရေသောက် ဧရိယာများမှ သောက်သုံးရေ၊ စိုက်ပျိုးရေများ ရရှိလာပြီး လယ်ယာထွက်ကုန်များမှ ဝင်ငွေများ တိုးပွားလာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ နေထိုင်စားသောက်မှု၊ ပညာရေး၊ ကျန်းမာရေး စသည့် လူနေမှုပုံစံသည်လည်း တိုးတက်ပြောင်းလဲလာလျက်ရှိသည်ကို မြင်တွေ့ရကြောင်း၊ ဤသည်မှာ နိုင်ငံတော်က အချိန်၊ ငွေကြေး၊ အတတ်ပညာ၊ နည်းပညာ၊ လူအင်အား၊ စက်အင်အား စသည်တို့ကို ရင်းနှီးမြှုပ်နှံသုံးစွဲရကျိုးနပ်သည့် ရေရှည်တည်တံ့ ကောင်းမွန်သော အကျိုးရလဒ်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း သီးနှံတစ်ဧက အထွက်နှုန်း တိုးတက်ရေးကို နည်းမျိုးစုံဖြင့် ကြံဆ၍ ကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မဲဇလီ ရေလွှဲဆည်၏ ပင်မတူးမြောင်းမှရေကို ရေတင်စက်ဖြင့် တင်ယူ၍ ယာမြေမှလယ်မြေအဖြစ် ပြောင်းပြီး လယ်မြေဧက ၈၀ကို ရေပေး၍ နွေစပါးစိုက်ပျိုးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပွင့်ဖြူမြို့နယ်ဥက္ကဋ္ဌက ရေပေးဝေနေမှုနှင့် မြို့နယ်အတွင်း၌ မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လယ်မြေ ၂၀၁၂ ဧကကို ရေသောက်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ)၌ စက်ရုံများက ထုတ်လုပ်သည့် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### ခင်းကျင်းပြသ

ထို့နောက် ပွင့်ဖြူမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)သို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ခင်းကျင်းပြသထားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ် လုပ်ငန်းအောက်ရှိ စက်ရုံများမှ ထုတ်လုပ်သော အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် စက်ရုံတည်ဆောက်ရခြင်းရည်ရွယ်ချက်၊ စက်ရုံတည်ဆောက်ပြီးစီးခဲ့မှု၊ စမ်းသပ်လည်ပတ်ခဲ့မှုနှင့် ထုတ်ကုန်ပစ္စည်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဤစက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့များ ပြည့်စုံစွာ ရရှိပြီးဖြစ်၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စက်ရုံအတွက် လိုအပ်သော ဝါကုန်ကြမ်းကို တောင်သူများထံမှ ဝယ်ယူသကဲ့သို့ ကိုယ်တိုင် စိုက်ပျိုးသွားရန်လည်း လိုအပ်ကြောင်း၊ စက်ရုံအတွင်း စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံးတွင် ဝါစိုက်ပျိုးသွားရန်နှင့် စက်ရုံအတွက် ရင်းနှီးမြှုပ်နှံရသော ငွေကြေးပမာဏကြီးမားများပြား၍ စက်ရုံကြီး ရေရှည်စွမ်းအားပြည့် လည်ပတ်နိုင်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စက်ရုံအတွင်းရှိ ကုန်ထုတ်လုပ်မှုဌာနအသီးသီးသည် စက်များပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားရန်၊ မီးလောင်လွယ်သော ပစ္စည်းများဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

စာမျက်နှာ ၆ ကော်လံ ၁ သို့



စကော့တလန်နိုင်ငံ အီဒင်ဘရက်ချ်မြို့ ရှိုးရာအားလပ်ရက် ပျော်ပွဲရွှင်ပွဲအတွင်း ဒေသဆိုင်ရာပြတိုက်သို့ လေ့လာရေးခရီး လာရောက်ကြသူများကို ဇွန် ၁၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

# အာဖဂန်ဆိုင်ရာ ထိပ်သီးအစည်းအဝေး ရုရှားခေါ်ယူရန်စီစဉ်လျက်ရှိ

မော်စကို ဇွန် ၁၄

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံမှ ဘိန်းထုတ်လုပ်မှုကို ပပျောက်အောင် မဆောင်ရွက်နိုင်သည့်အတွက် ဒေသတွင်းခေါင်းဆောင်များ၏ အာဖဂန်နစ္စတန်ဆိုင်ရာ ထိပ်သီးအစည်းအဝေး ခေါ်ယူရန် ရုရှားနိုင်ငံက စီစဉ်လျက်ရှိကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ဇွန် ၁၂ရက်၌ ပြောကြားလိုက်သည်။

## ပြောကြား

အဆိုပါထိပ်သီးအစည်းအဝေးသို့ ပါကစ္စတန်နှင့် တာဂျစ်ကစ္စတန်ခေါင်းဆောင်များလည်း တက်ရောက်စေလိုကြောင်း ရုရှားသမ္မတ မက်ဗီဒက်ဗ်က အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းအား ပြောကြားလိုက်သည်။

အဆိုပါထိပ်သီးအစည်းအဝေးကို ဩဂုတ်လအတွင်းခေါ်ယူမည်ဖြစ်ကြောင်း ရုရှားသမ္မတ မက်ဗီဒက်ဗ်က ထည့်သွင်းပြောကြားသည်။

## ကြေညာ

အာဖဂန်နစ္စတန်နိုင်ငံက နှစ်စဉ် ဘိန်းတန်ချိန် ၇၀၀၀ ထုတ်လုပ်ကြောင်း ကုလသမဂ္ဂက ကြေညာထားသည်။ **(အင်တာနက်)**



ရုရှားသမ္မတ မက်ဗီဒက်ဗ်။

# စိုက်ပျိုးရေးဝန်ကြီးသစ် ကျူးဘား၌ ခန့်အပ်

ဟာဗားနား ဇွန် ၁၄

ကျူးဘားခေါင်းဆောင် ရောကက်စထရိုသည် စိုက်ပျိုးရေးဝန်ကြီးအဖြစ် စိုက်ပျိုးရေးပညာရှင် ဂက်စတာဗိုရိဒရီဂျက်ဇ်ရိုလာရိုအား ခန့်အပ် တာဝန်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဇွန် ၁၄ရက်၌ ထုတ်လွှင့်သည်။

အသက် ၄၆နှစ်ရှိသူ ရိုဒရီဂျက်ဇ်မှာမူ စိုက်ပျိုးရေးဒုတိယဝန်ကြီးအဖြစ် လောလောဆယ် တာဝန်ယူနေသူဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

## ခန့်အပ်

ကျူးဘားခေါင်းဆောင် ရောကက်စထရိုသည် နှစ်နှစ်အတွင်းမှာပင် ဝန်ကြီးနေရာ ၃၀ခန့်ကို အစားထိုးခန့်အပ်ခဲ့ပြီးဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

# ငြိမ်းချမ်းရေးပူးပေါင်းရန် တာလီဘန်များအား ထပ်မံတိုက်တွန်း

ကန်ဒါဟာ ဇွန် ၁၄

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် တာလီဘန်စစ်သွေးကြွများအား အကြမ်းဖက်မှုများ စွန့်လွှတ်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန် ဇွန် ၁၃ရက်က ထပ်မံတိုက်တွန်းလိုက်ကြောင်း သိရသည်။

ထိုသို့တိုက်တွန်းခြင်းသည် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း တာလီဘန်များ ခိုအောင်းရာဒေသဖြစ်သည့် ကန်ဒါဟာတွင် လူ ၅၀၀ခန့်တက်ရောက်သော လူထုအစည်းအဝေးပွဲ၌ သမ္မတ ကာဇိုင်းက မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

## တိုက်တွန်း

မကြာမီက သုံးရက်ကြာကျင်းပခဲ့သော အမျိုးသားအတိုင်ပင်ခံ ငြိမ်းချမ်းရေးညီလာခံက အစိုးရနှင့် အစိုးရဆန့်ကျင်သည့် သူပုန်များအားလုံးကို စစ်ပွဲရပ်တန့်ရန်နှင့် အာဖဂန်နိုင်ငံ၏ ပြဿနာများကို စေ့စပ်ဖြေရှင်းကြိုးပမ်းရန် တိုက်တွန်းသည်။ ထိုညီလာခံအပြီးတွင် သမ္မတကာဇိုင်းက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

## မျှော်လင့်

ကန်ဒါဟာဒေသသည် နှစ်အတော်ကြာ အကြမ်းဖက်မှုများ တိုးမြှင့်ဖြစ်ပွားလျက်ရှိသည်။ ယင်းဒေသတွင် ငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်သည့် ထိုးစစ်အား မကြာမီကာလတွင် စတင်မည်ဟု မျှော်လင့်ထားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# နေတိုးလေကြောင်းတိုက်ခိုက်မှု စစ်သွေးကြွ ကိုးဦးသေဆုံး

ကန်ဒါဟာ ဇွန် ၁၄

အာဖဂန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဇွန် ၁၂ရက်က တာလီဘန်စစ်သွေးကြွများ ကြီးစိုးရာနေရာတွင် နေတိုးတပ်ဖွဲ့ဝင်များ လေကြောင်းမှတိုက်ခိုက်ခဲ့သဖြင့် စစ်သွေးကြွကိုးဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ရဲအရာရှိ ဆာဒါမိုဟာမက်ဇာဇီက ပြောကြားသည်။

## တိုက်ခိုက်

ရှန်ဝေါပြည်နယ်တွင် တာလီဘန်စစ်သွေးကြွများ အစည်းအဝေးပြုလုပ်နေသည့် နံနက်ပိုင်းတွင် နေတိုးတပ်ဖွဲ့ဝင်များ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် စစ်သွေးကြွ ကိုးဦးသေဆုံးခဲ့ရကြောင်း ဇာဇီကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဇွန် ၁၁ရက်စောစောပိုင်းက ခါခရစ်ခရိုင်တွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ရဲကားတစ်စီးပျက်စီး၍ တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားသူများ ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



# ကျောက်မီးသွေးတင်ပို့မှုတိုးမြှင့်ရေး တရုတ်၌ စခန်းသစ်တည်ဆောက်

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်း ပြည်နယ် ကျင်ကျိုမြို့၌ ကျောက်မီးသွေးတင်ပို့စခန်း တည်ဆောက်ရေးစီမံကိန်းကို ဇွန် ၁၃ရက်က စတင်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကုန်းတွင်းပိုင်းကျသည့် မြောက်ပိုင်းအတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တောင်ပိုင်းရှိ လောင်စာဈေးကွက်များသို့ ကျောက်မီးသွေးတင်ပို့ရောင်းချမှုတိုးမြှင့်ရန်ရည်ရွယ်၍ အဆိုပါစခန်းကို တည်ဆောက်ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါစခန်းတည်ဆောက်ရေး စီမံကိန်းသည် ၂၀၁၀ခုနှစ်၌ လျောင်နင်းပြည်နယ်အတွင်း တည်ဆောက်သည့် စီမံကိန်းများတွင် ဒုတိယမြောက်စီမံကိန်းဖြစ်သည်။ စီမံကိန်းပထမပိုင်းကို ၂၀၁၃ခုနှစ်တွင် အပြီးသတ်ရန်လျာထားပြီး နှစ်စဉ် ကျောက်မီးသွေးတန်ချိန် ၃၅သန်း သယ်ယူတင်ပို့ပေးနိုင်ရန် မျှော်လင့်ထားသည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ တရုတ်-ဘင်္ဂလားဒေ့ရှ်ဆက်ဆံရေး ပိုမိုခိုင်မြဲ

*ဒါကာ ဇွန် ၁၄*

*နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ၃၅နှစ်ကြာပြီးနောက် တရုတ်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့အကြား အဆင့်မြင့်ချစ်ကြည်ရေး အပြန်အလှန်လည်ပတ်မှု ခရီးစဉ်များကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲစေမည်ဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ တရုတ်သံအမတ်ကြီးက ဇွန် ၁၃ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## *စီစဉ်ထား*

*တရုတ် ဒုတိယသမ္မတ စီကျန့်ပင်းသည် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှာရက်ဟာစီနာဝါဂျက်၏ ဖိတ်ကြားချက်အရ ဇွန် ၁၄ရက်မှ ၁၅ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အလည်အပတ်လာရောက်ရန် စီစဉ်ထားသည်။*

*၁၉၇၅ခုနှစ် နှစ်နိုင်ငံသံတမန် စတင်ဆက်ဆံမှုပြုကတည်းက နှစ်နိုင်ငံအစိုးရများသည် နိုင်ငံတကာရေးရာကိစ္စရပ်များ၌ သဘောထားများ တူညီခဲ့ကြသည်ဟု တရုတ်သံအမတ်ကြီး ကျန်းစင်းယီက ပြောကြားသည်။*

## *ပိုမိုခိုင်မြဲ*

*အပြန်အလှန်ချစ်ကြည်ရေးလည်ပတ်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မြဲစေသည့်အပြင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း နက်ရှိုင်းစေသည်ဟု ဆိုသည်။* ***အမ်အင်န်အေ၊ ဆင်ဟွာ***

# နီပေါမြို့တော်ရှိ ဗုံးစက်ရုံ ဖော်ထုတ်အရေးယူ

ကက်ရှ်မန်ဒူ ဇွန် ၁၄

နီပေါနိုင်ငံ၏မြို့တော် ကက်ရှ်မန်ဒူမြို့အတွင်း၌ စနစ်တကျဖွဲ့စည်းထားသော ဗုံးစက်ရုံတစ်ရုံကို နီပေါရဲတပ်ဖွဲ့မှ ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇွန် ၁၃ရက်၌ ဖော်ပြပါရှိသည်။

ယင်းသို့တွေ့ရှိခဲ့ခြင်းမှာ ဘစ်ရှီးရှားဆိုသူပိုင်ဆိုင်သော စတိုးဆိုင်ကို ရဲတပ်ဖွဲ့မှ ဝင်ရောက်စီးနင်းရှာဖွေရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

## ဝင်ရောက်ရှာဖွေ

ဖြစ်ပွားပုံမှာ မြို့တော်၏ အစ်ရှန်သူနာပြုကျောင်းနှင့် သားဖွားဆေးရုံရှေ့၌ ဇွန် ၈ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဘစ်ရှီးရှား၏လက်ချက်ဟု စွပ်စွဲချက်ဖြင့် မြို့တော်ရဲတပ်ဖွဲ့က ၎င်း၏ စတိုးဆိုင်ကို ဝင်ရောက်ရှာဖွေခဲ့ခြင်းဖြစ်သည်။

ရှားသည် မြို့တွင်း၌နေထိုင်သည်မှာ ကိုးနှစ်ကြာမြင့်ခဲ့ပြီး ၎င်းငှားရမ်းထားသော စတိုးဆိုင်အတွင်း၌ ဗုံးလုပ်ငန်းလုပ်ကိုင်ခဲ့သည်မှာလည်း ကိုးနှစ်တာရှိခဲ့ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့သို့ ဖွင့်ဟဝန်ခံခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

# ဩစတြီးယား၌ စက်မဲ့လေယာဉ်ပျက်ကျ နှစ်ဦးသေဆုံး

ဗီယင်နာ ဇွန် ၁၄

ဩစတြီးယားနိုင်ငံ ကန်တန်ပြည်နယ်တွင် ဇွန် ၁၂ရက် နံနက်ပိုင်းက စက်မဲ့လေယာဉ်ပျက်ကျခဲ့ရာ နှစ်ဦးသေဆုံးကြောင်း ပြည်နယ်အရာရှိက ပြောကြားသည်။

အဆိုပါ စက်မဲ့လေယာဉ်သည် စစ်ရေးလေ့ကျင့်ကွင်းအနီးရှိ တောထဲသို့ ပျက်ကျသွားခဲ့ရာ လေယာဉ်ပေါ်ပါ နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**



# ဘဂ္ဂဒက်မြို့ ဗဟိုဘဏ်၌ ဗုံးပေါက်ကွဲ ၁၅ ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဗဟိုဘဏ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့နှင့် အကြမ်းဖက်သမားများ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ ၁၅ဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရရှိသည်ဟု ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ယင်းဗုံးပေါက်ကွဲမှုသည် ဇွန် ၁၃ရက်က ဖြစ်ပွားရာ ဘဏ်အဆောက်အအုံနှင့် အလုပ်သမားများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အီရတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ယခင်လအတွင်းက ကျောက်မျက်အရောင်းဆိုင်တွင် ပြင်းထန်သည့် ပေါက်ကွဲမှုကြောင့် ၁၅ဦးသေဆုံးခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

## ပျံသန်း

ဂျာမနီနိုင်ငံ ဘာလင်တောင်ပိုင်း၌ နိုင်ငံတကာ လေကြောင်းပြပွဲတစ်ရပ် ပြုလုပ်လျက်ရှိရာ အေ-၃၈၀ အဲဘတ်စ်လေယာဉ်သစ်ကြီး ပျံသန်းမှုကို ဇွန် ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ဘာဘာရီစစ်ပွဲ (၁၈၀၁-၁၈၀၅ နှင့် ၁၈၁၅)

တိုး - ရေးသားသည်

**ဘာဘာရီစစ်ပွဲမှာ အမေရိကန်ပြည်ထောင်စုနှင့် ဘာဘာရီနိုင်ငံများဟု စုပေါင်းခေါ်ဝေါ်သည့် မြောက်အာဖရိကနိုင်ငံများအကြား ဖြစ်ပွားသော စစ်ပွဲဖြစ်သည်။ မြောက်အာဖရိကနိုင်ငံများတွင် လွတ်လပ်သော မော်ရိုကိုစော်ဘွားနိုင်ငံနှင့် အော်တိုမန်အင်ပါယာ ပိုင်ဆိုင်သည့် အယ်ဂျီးယားစ်၊ တူးနစ်နှင့် ထရီပိုလီရင်ခွင်ပိုက်အစိုးရများပိုင် နိုင်ငံများဖြစ်သည်။**

ဘာဘာရီစစ်ပွဲသည် အမှန်စင်စစ် ပထမအကြိမ် (၁၈၀၁-၁၈၀၅)နှင့် ဒုတိယအကြိမ်(၁၈၁၅)ခုနှစ် စစ်ပွဲဟူ၍ နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။

### အန္တရာယ်

အော်တိုမန်အင်ပါယာက အမည်ခံအုပ်ချုပ်ခြင်းဖြစ်သော်လည်း ဘာဘာရီကမ်းခြေရှိ ထရီပိုလီ၊ တူးနစ်၊ မော်ရိုကိုနှင့် အယ်ဂျီးယားစ်ဟူသော မြောက်အာဖရိကနိုင်ငံများမှ ပင်လယ်ဓားပြ စစ်သင်္ဘောများနှင့် ပင်လယ်ဓားပြများသည် မြေထဲပင်လယ်၏ အန္တရာယ်စစ်စစ်များ ဖြစ်သည်။

ဘာဘာရီစစ်ပွဲများ ဖြစ်ပွားစဉ် ကာလက မော်ရိုကိုဘုရင်မင်းဆက်မှာ ပင်လယ်ဓားပြများ သောင်းကျန်းမှုကို ထောက်ခံအားပေးနေကြောင်း လူသိများသည်။ သို့သော် ၁၇၇၇ခုနှစ်တွင် အမေရိကန်နိုင်ငံနှင့် နားလည်မှုစာချုပ် ချုပ်ဆိုလိုက်သောအခါ အမေရိကန်သင်္ဘောများကို မော်ရိုကိုက မည်သည့်အခါမျှ တိုက်ခိုက်ခြင်းမပြုတော့။ အခြားသော မြောက်အာဖရိကနိုင်ငံများကဲ့သို့ ဘာဘာရီစစ်ပွဲများတွင် မော်ရိုကိုနိုင်ငံက ပါဝင်ပတ်သက်ခြင်း မပြုခဲ့ပေ။

### အကာအကွယ်

အမေရိကန်တော်လှန်ရေး (၁၇၇၅-၁၇၈၃)တွင် လွတ်လပ်ရေးမရမီကဆိုလျှင် အမေရိကန်သင်္ဘောများနှင့် သင်္ဘောသားများမှာ ဗြိတိန်နိုင်ငံ၏ ရေတပ်အင်အား၊ သံတမန်နည်းလမ်းတို့ဖြင့် အကာအကွယ်ရခဲ့သည်။

သို့သော် ၁၇၈၃ခုနှစ်တွင် အမေရိကန်တော်လှန်ရေး ပြီးဆုံးသောအခါ အမေရိကန်နိုင်ငံအနေဖြင့် ယင်း၏ ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံသားများ၏ လုံခြုံရေးကို ကိုယ့်ဘာသာကို တာဝန်ယူရမည်။ ထွန်းသစ်စ အမေရိကန်နိုင်ငံအနေဖြင့် ပင်လယ်ဓားပြများအား ဆက်ကြေးပေးရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စီစဉ်ခဲ့ပါ၏။ သို့သော် အဆင်မပြေခဲ့ပေ။ ဗြိတိန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်အဒမ်နှင့် ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး သောမတ်ဂျက်ဖာဆင်တို့ကို ၁၇၈၅ခုနှစ် မတ်လတွင် ဗြိတိန်နိုင်ငံဆိုင်ရာ ထရီပိုလီ သံအမတ်ကြီးနှင့် စေ့စပ်ဆွေးနွေးရန် တာဝန်ပေးအပ်ခဲ့သည်။ မအောင်မြင်ခဲ့။ ဘာဘာရီစစ်ပွဲဖြစ်ကာ အမေရိကန်နိုင်ငံမှာ ကြွေးထူခဲ့ရသည်။

ပင်လယ်ဓားပြထွက်သည့် နိုင်ငံများသို့ ၁၈၀၀ပြည့်နှစ်တွင်ပေးရသည့် ဆက်ကြေးနှင့် ရွေးပေးရငွေမှာ အစိုးရ၏ နှစ်စဉ်ဝင်ငွေအနက် ၂၀ရာခိုင်နှုန်းအထိရှိခဲ့သည်။

### အလံတိုင်

၁၈၀၁ခုနှစ်တွင် သောမတ်ဂျက်ဖာဆင် အမေရိကန်နိုင်ငံ၏ သမ္မတဖြစ်လာသောအခါ အမေရိကန်အစိုးရသစ်ထံမှ ထရီပိုလီနိုင်ငံအကြီးအကဲ ယူစွပ်ကာရာမန်လီက ဒေါ်လာ ၂၂၅၀၀၀တောင်းသည်။ သမ္မတဂျက်ဖာဆင်က ငြင်းပယ်လိုက်သည်။ သို့ဖြင့် ၁၈၀၁ခုနှစ် မေလတွင် ယူစွပ်ကာရာမန်လီက အမေရိကန်ကို စစ်ကြေညာသည်။ စစ်ကြေညာသည်ဆိုသော်လည်း တရားဝင်စာရွက်စာတမ်းဖြင့် ကြေညာခြင်းမဟုတ် အမေရိကန်ကောင်စစ်ဝန်ရုံးရှေ့ရှိ အလံတိုင်ကို ခုတ်လှဲလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် မြေထဲပင်လယ်ရှိ အမေရိကန်အကျိုးစီးပွားများကာကွယ်ရန် သမ္မတဂျက်ဖာဆင်က အမေရိကန်စစ်သင်္ဘောအုပ်စုကိုစေလွှတ်စဉ် အမေရိကန်ကွန်ဂရက်ကိုလည်း အသိပေးတင်ပြသည်။

၁၈၀၁ခုနှစ် ဩဂုတ် ၁ရက်တွင် ယူအက်စ်အက်စ် အင်တာပရိုက်က အမြောက် ၁၄လက် တပ်ဆင်ထားသည့် ထရီပိုလီစစ်သင်္ဘောထရီပိုလီကို အကြမ်းဖက်တိုက်ခိုက်အနိုင်ယူလိုက်သည်။ နောက်တစ်နှစ်တွင် အမေရိကန်ရေတပ် ဗိုလ်မှူးချုပ် အက်ဒွပ်ပရီဘဲ၏ကွပ်ကဲမှုဖြင့် ယူအက်စ်အက်စ်ဖီလာဒဲဖီးယားအပါအဝင် စစ်သင်္ဘောရှစ်စင်းစေလွှတ်သည်။ ၁၈၀၃ခုနှစ်အထိ ဘာဘာရီဆိပ်ကမ်းများကို ပိတ်ဆို့ပြီး ရန်သူစစ်သင်္ဘောအုပ်စုများကို တိုက်ခိုက်သည်။

### သိမ်းပိုက်နိုင်

၁၈၀၃ခုနှစ် အောက်တိုဘာလတွင် ထရီပိုလီဆိပ်ကမ်းကို ကင်းလှည့်စဉ် ယူအက်စ်အက်စ်ဖီလာဒဲဖီးယားမှာ သောင်တင်သွားပြီးနောက် ပကတိအတိုင်းရှိစဉ် ရန်သူထရီပိုလီတပ်များက သိမ်းပိုက်နိုင်ခဲ့သည်။ ကမ်းခြေမှအမြောက်များ၊ ထရီပိုလီရေတပ်ဖွဲ့များက ဝိုင်းဝန်း ပစ်ခတ်နေစဉ် ယူအက်စ်အက်စ်ဖီလာဒဲဖီးယား စစ်သင်္ဘောကြီး ပြန်လည်လှုပ်ရှားအောင် အမေရိကန်တို့က ကြိုးပမ်းပါသော်လည်း မအောင်မြင်ဘဲ ရန်သူ့လက် ကျရောက်ရခြင်းဖြစ်သည်။ ရန်သူက ယင်းကို ကောင်းကောင်းအသုံးချနေပြီဖြစ်သည်။

၁၈၀၄ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် ညအချိန်တွင် ဗိုလ်စတီဖင်ဒီကာတာ ဦးဆောင်သည့် အမေရိကန် မရိန်းတပ်စုက ဖီလာဒဲဖီးယားသင်္ဘောပေါ်ရှိ ထရီပိုလီ အစောင့်များကိုလှည့်ဖြားရန် သိမ်းမိထားသည့် ကက်ရှ်ခေါ်သည့် ထရီပိုလီသင်္ဘောကို ယူအက်စ်အက်စ်ဒင်တာပစ်ဟု ထပ်မံအမည်ပေးကာ သင်္ဘောချင်းဘေးကပ်ပြီး

**ကိုလိုနီစနစ်နှင့်နယ်ချဲ့စနစ်က ဥရောပနိုင်ငံများအား စစ်အင်အားတည်ဆောက်စေပြီး မြေထဲပင်လယ်၌ အနှောင့်အယှက်မရှိ ဘာဘာရီအင်အားကို စိန်ခေါ်အနိုင်ယူစေနိုင်ခဲ့။**

၁၈၀၃ခုနှစ်က ထရီပိုလီကမ်းလွန်၌ ယူအက်စ်အက်စ်ဖီလာဒဲဖီးယား စစ်သင်္ဘော သောင်တင်ခဲ့စဉ်က သရုပ်ဖော်ပုံ....။



တက်ရောက် အပိုင်စီးလိုက်နိုင်သည်။ အခြားသော အမေရိကန် စစ်သင်္ဘောများ၏ ဝိုင်းဝန်းတိုက်ခိုက်မှုဖြင့် မရိန်းတပ်သားများက ရန်သူ့လက်၌ သုံးမရအောင် ယူအက်စ်အက်စ်ဖီလာဒဲဖီးယားသင်္ဘောကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။ ၁၈၀၄ခုနှစ် ဇူလိုင် ၁၄ရက်တွင် ရေတပ်ဗိုလ်မှူးချုပ်ပရီဘဲက ရဲရင့်ပြီး မအောင်မြင်သော စစ်ပွဲအပါအဝင် အဆုံးအဖြတ်မပေးနိုင်သည့် တိုက်ပွဲပေါင်းများစွာဖြင့် ထရီပိုလီကိုတိုက်ခိုက်သည်။ အမေရိကန်ရေတပ်မှ ဗိုလ်မှူးကြီးရစ်ချတ်ဆွန်မားနှင့်တပ်ဖွဲ့ဝင်များ ကျဆုံးသည်။

### ဆင်နွှဲ

စစ်ပွဲ၏အလှည့်အပြောင်းမှာ ၁၈၀၅ ခုနှစ် ဧပြီလနှင့် မေလတို့တွင် ဆင်နွှဲသည့် ဒါနာတိုက်ပွဲပင်ဖြစ်သည်။ ဒါနာမြို့ကို တိုက်ခိုက်သိမ်းပိုက်ရေးအတွက် ဗိုလ်မှူးကြီး ဝီလျံအီးရန်နှင့် အမေရိကန်မရိန်းတပ်မှ ဗိုလ်ပရက်စလက် အိုဘန်နွန်ဦးစီးသည့် မရိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ဂရိ၊ အာရပ်နှင့် ဘာဘာကြေးစားစစ်သည် ၅၀၀တို့က အီဂျစ်နိုင်ငံ အလက်ဇန္ဒရီးယားမှ သဲကန္တာရကို ဖြတ်ကျော်ချီတက်သည်။ အောင်မြင်စွာ သိမ်းပိုက်နိုင်ရာ ယင်းမှာ အမေရိကန်သမိုင်းတွင် ပင်လယ်ရပ်ခြား၌ အမေရိကန်အောင်လံ ပထမဆုံးလွှင့်ထူနိုင်ခြင်းဖြစ်သည်။

၁၈၀၅ခုနှစ် ဇွန် ၄ ရက်တွင် ထရီပိုလီနိုင်ငံအကြီးအကဲ ယူစွပ်ဘာရာမန်လီ ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ထိုးကာ စစ်ပြေငြိမ်းရသည်။ ဤသည်မှာ ပထမ ဘာဘာရီစစ် အဆုံးသတ်သွားခြင်းဖြစ်ပါ၏။ ထိုအချိန်အထိ အမေရိကန်စစ်ရေးကွပ်ကဲမှုနှင့် စစ်ယန္တရားမှာ အစမ်းသပ်မခံရသေးသဖြင့် အမေရိကန်စစ်ရေး ဂုဏ်သတင်းထွက်ပေါ်လာသည်။ ဂျော်ဂျီယာပြည်နယ်သား၊ နယူးယောက်မြို့သားဟူ၍ ခွဲခြားမနေဘဲ အရေးကြုံလျှင် လက်တွဲအောင်ပွဲခံကြောင်း ပြသနိုင်ခဲ့ခြင်းဖြစ်သည်။ ရေတပ်နှင့် မရိန်းတပ်ဖွဲ့သည် အမေရိကန်အစိုးရနှင့် အမေရိကန်သမိုင်းတွင်အရေးပါသည့် အခန်းကဏ္ဍမှ ဖယ်ရှားမရအောင် ခိုင်မာသွားရသည်။ ဗိုလ်စတီဖင်ဒီကာတာမှာလည်း တော်လှန်ရေးကာလနောက်ပိုင်း ပထမဆုံးသော စစ်သူရဲကောင်းအဖြစ် အမိနိုင်ငံသို့ပြန်လာနိုင်ခဲ့သည်။

သို့ပါသော်လည်း ဘာဘာရီပင်လယ်ဓားပြ ပြဿနာများကို အပြီးတိုင်အပြည့်အဝဖြေရှင်းမပေးနိုင်ပါပေ။ ၁၈၀၇ခုနှစ်တွင် အယ်ဂျီးယားစ်က အမေရိကန်သင်္ဘောများနှင့် သင်္ဘောသားများကို ပြန်ပေးဆွဲလာပြန်သည်။

### နှင်ထုတ်

ပထမဘာဘာရီစစ်ပွဲ (၁၈၀၁-၁၈၀၅) ကို အောင်ပွဲခံအနိုင်ရပြီးနောက် အမေရိကန်သည် ပြင်သစ်နှင့် ကုန်သွယ်ရေးကိစ္စတွင် ဗြိတိန်နိုင်ငံနှင့် ဆက်ဆံရေး ဆိုးရွားလာသည်။ ၁၈၁၂ခုနှစ် စစ်ဖြစ်ရသည်အထိ အထွတ်သို့ရောက်ရှိသွားသည်။ ဤသည်ကို အခွင့်ကောင်းယူကာ မြေထဲပင်လယ်တွင် ပင်လယ်ဓားပြ သောင်းကျန်းလာသည်။ ၁၈၁၅ခုနှစ်တွင် အမေရိကန်နှင့် အယ်ဂျီးယားစ်တို့ စစ်ဖြစ်သည်။ ထိုနှစ်က အယ်ဂျီးယားစ်အုပ်ချုပ်ရေးမှူး အိုမာဘင်မိုဟာမက်က အမေရိကန်ကောင်စစ်ဝန်ချုပ် လီယာကို နှင်ထုတ်သည်။

### တိုက်ပွဲဝင်

အမေရိကန်ရေတပ် ဖြန့်ကြက်ရန် အမေရိကန်ကွန်ဂရက်က ၁၈၁၅ခုနှစ် မတ် ၃ရက်တွင် အာဏာအပ်နှင်းသည်။ ရေတပ်ဗိုလ်မှူးချုပ် စတီဗင်ဒီကာတာနှင့် ဗိုလ်မှူးချုပ်ဝီလျံဘိန်းဘရစ်တို့ ဦးစီးသည့် စစ်သင်္ဘော ၁၀စင်း မြေထဲပင်လယ်သို့ ထိုနှစ်မေလ ၂၀ရက်တွင် ထွက်ခွာကာ တိုက်ပွဲဝင်သည်။

### ပြန်လွှတ်ပေး

ဒုတိယစစ်ပွဲကို ၁၈၁၆ ခုနှစ် စက်တင်ဘာ ၂၄ရက်တွင် ငြိမ်းချမ်းရေးစာချုပ်လက်မှတ်ရေးထိုးကာ အဆုံးသတ်လိုက်သည်။ ဖမ်းထားသော ခရစ်ယာန်ကျွန် ၁၀၈၃နှင့် ဗြိတိသျှကောင်စစ်ဝန်တို့ကို ပြန်လွှတ်ပေးသည်။ နောက်ပိုင်း ကိုလိုနီစနစ်နှင့် နယ်ချဲ့စနစ်က ဥရောပနိုင်ငံများအား စစ်အင်အားတည်ဆောက်စေပြီး မြေထဲပင်လယ်၌ အနှောင့်အယှက်မရှိ ဘာဘာရီအင်အားကို စိန်ခေါ်အနိုင်ယူစေနိုင်ခဲ့တော့သည်။ ။

**ကိုးကား-အင်တာနက်**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### ဖိလစ်ပိုင်တောင်ပိုင်း၌ အီရန်ခြောက်ဦးသေဆုံး

*ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း စီဘူးမြို့အနီးတွင် အီရန်နိုင်ငံမှ သူနာပြုသင်တန်းသူ ၅၀ တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး ဇွန် ၁၄ရက်က ချောက်ထဲထိုးကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။*

### စင်ကာပူ၌ လူ ၁၅၀၀ စုပေါင်းသွေးလှူဒါန်း

*စင်ကာပူနိုင်ငံတွင် ဇွန် ၁၄ရက်က ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် စင်ကာပူနိုင်ငံသား ၁၅၀၀ တို့စုပေါင်းကာ စင်ကာပူအမျိုးသားသွေးဘဏ်သို့ ဇွန် ၁၄ရက် နံနက်က သွားရောက်သွေးလှူဒါန်းကြကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။*

### ဆီးရီးယားအလယ်ပိုင်း၌ ရှေးဟောင်းပစ္စည်းတူးဖော်တွေ့ရှိ

*ဆီးရီးယားနိုင်ငံအလယ်ပိုင်း အယ်-အင်ဒါရင်အရပ်၌ ဇွန် ၁၄ရက်က မြေအောက်မှ ရှေးဟောင်းလက်ဝတ်ရတနာပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းနေရာကို ပြင်သစ်သုတေသနပညာရှင်များက တူးဖော်ရှာဖွေခဲ့ခြင်းဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၏ ရှေးခေတ်ယဉ်ကျေးမှုဆိုင်ရာ အဖိုးတန်သည့်ပစ္စည်းများဖြစ်ကြောင်း ဆီးရီးယားနိုင်ငံယဉ်ကျေးမှုအရာရှိများက ပြောကြားသည်။*

### ရုရှား၌ ခရီးသည်တင်ကားကို တိုက်ခိုက်သူများစုံစမ်းနေ

*ရုရှားနိုင်ငံ နီရိုရှဒ်မြို့အနီးတွင် ဇွန် ၁၄ရက်က ကမ္ဘာလှည့်ခရီးသည်တင်ကား တစ်စီးကို တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်များအား ရုရှားလုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အား၃၀၀ ခန့်သုံးပြီး ရှာဖွေလျက်ရှိကြောင်း ရုရှားရဲတပ်ဖွဲ့က ဇွန် ၁၄ရက်၌ သတင်းထုတ်ပြန်သည်။*

### မက္ကဆီကို ကွင်တာနာရိုးပြည်နယ်၌ လေယာဉ်ပျက်ကျ

*မက္ကဆီကိုနိုင်ငံ ကွင်တာနာရိုးပြည်နယ်တွင် ဇွန် ၁၃ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ကိုးဦးစလုံး သေဆုံးခဲ့ကြောင်း မက္ကဆီကိုလေကြောင်းအရာရှိများက ပြောကြားသည်။* ***(အောက်ပုံ)***



### အစ္စရေးတို့ပိတ်ဆို့မှုရုပ်သိမ်းရန် မူဆာတောင်းဆို

*ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသကမ်းခြေကို အစ္စရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားမှုကို ရုပ်သိမ်းရန် ပါလက်စတိုင်းသို့ရောက်ရှိနေသော အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် မူဆာက ဇွန် ၁၄ရက်၌ တောင်းဆိုလိုက်သည်။*

### သီရိလင်္ကာတောင်ပိုင်း၌ ဒေသအချို့ ငလျင်ဒဏ်ခံစားရ

*အိန္ဒိယနိုင်ငံ နီကိုဘာကျွန်းအနီးတွင် ရ်ဒသမ ၇အင်အားရှိသော ငလျင်လှုပ်မှုကြောင့် ဇွန် ၁၄ရက်နံနက်က သီရိလင်္ကာတောင်ပိုင်း မာတာရာမြို့၊ နီဂွမ်ဘိုမြို့ကမ်းခြေဒေသနှင့် ချီလောမြို့တို့တွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ရှားခဲ့ကြောင်း၊ ပျက်စီးမှုမရှိကြောင်း သီရိလင်္ကာအရာရှိများက ပြောကြားသည်။*

### ပါကစ္စတန်တောင်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်များပစ်ခတ်ခံရ

*ပါကစ္စတန်နိုင်ငံတောင်ပိုင်း ရာဝါပင်ဒီမြို့ စစ်ဆေးရေးဂိတ်တစ်ခု၌ ဇွန်၁၄ရက်က အနီရောင်မော်တော်ယာဉ်တစ်စီးကို စစ်ဆေးရန် ရပ်တန့်ခိုင်းရာ ဆက်လက်မောင်းနှင်သွားပြီး ကားပေါ်မှ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။*

### အီရန်နှင့် ပါကစ္စတန် ပိုက်လိုင်းကိစ္စ လက်မှတ်ထိုး

*အီရန်မှ သဘာဝဓာတ်ငွေ့များကို ပါကစ္စတန်သို့ ပိုက်လိုင်းသွယ်တန်းရောင်းချရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံသဘောတူညီမှုစာချုပ်ကို ဇွန် ၁၄ရက်၌ နှစ်နိုင်ငံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးလိုက်ကြသည်။* *(အင်တာနက်)*




**ချည်မျှင်နှင့်အထည်စက်ရုံ**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည် စက်ရုံ(ပွင့်ဖြူ)၌ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများအပေါ် စေတနာအပြည့်အဝထား၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စက်ရုံအတွင်း၌ ဝါဂွမ်းမှ ချည်မျှင်နှင့် ပိတ်ကြမ်းဖြစ်သည်အထိ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မန်းချောင်းတံတား**

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မင်းဘူးမြို့နယ်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်မှုနေ၍ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ သရက်-ပွင့်ဖြူလမ်းပိုင်းရှိ မန်းချောင်း တံတား တည်ဆောက်ရေးလုပ်ငန်းတွင် အရှည် ၄၀၂ပေ ခြောက်လက်မရှိ တံတားတစ်စင်း၊ အရှည် ၂၈၇ ပေ ခြောက်လက်မရှိ တံတားတစ်စင်း နှင့် အရှည်ပေ ၆၀ရှိ ရေထွက်ပေါက် တံတားတစ်စင်းတို့ကို တည်ဆောက်နေမှု၊ သရက်-ပွင့်ဖြူလမ်းပိုင်းတွင် ပါဝင်သည့် သရက်-မင်းလှ လမ်းပိုင်း ၅၃မိုင်ကို ၂၀၁၀ ခုနှစ် မတ် ၁၄ရက်က ဖွင့်လှစ်ခဲ့ပြီးနောက် ကျန်ရှိသော မင်းလှ-ပွင့်ဖြူလမ်းပိုင်းမှ အရှည် ၂၅ ဒသမ ၄ မိုင်ရှိ မင်းလှ-မင်းဘူး လမ်းပိုင်းကို အမြန်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေမှု၊ အဆိုပါ လမ်းပိုင်းရှိ မြေသားလုပ်ငန်း၊ တံတား လုပ်ငန်း၊ ဘူတာနှင့် သံလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးဦးခင်မောင်မြင့်က ရထားရော ကားပါ သွားလာနိုင်သည့် တံတားများ တည်ဆောက်ထားမှုကို ရှင်းလင်းတင်ပြသည်။

**ရောက်ရှိ**

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ မင်းဘူးမြို့သို့ ရောက်ရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပွင့်ဖြူမြို့နယ် ဆည်တော်ကျေးရွာ၌ ဒေသခံတောင်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ City Golf Resort Hotel ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)




# City Golf Resort Hotel ဖွင့်ပွဲ အခမ်းအနား
# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇွန် ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇွန် ၁၃ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် သီရိမင်္ဂလာလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က တည်ဆောက်ပြီးစီးသွားသည့် City Golf Resort Hotel ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ City Golf Resort Hotel မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက City Golf Resort Hotel ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက City Golf Resort Hotel ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကာ ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးရာသီအထူးဈေးရောင်းပွဲတော် ကျင်းပမည်

*ရန်ကုန် ဇွန် ၁၄*

*Concordia International Co.,Ltd.နှင့် Fortune International Limited တို့ ပူးပေါင်းကျင်းပသည့် မိုးရာသီအထူးဈေးရောင်းပွဲတော်ကို ဇွန် ၁၆ရက်မှ ၁၉ရက် နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပသွားမည်ဖြစ်သည်။*

**ရောင်းချမည်**

*ဈေးရောင်းပွဲတော်တွင် Concordia International Co.,Ltd.မှ Fuji Xerox အမှတ်တံဆိပ် ရုံးလုပ်ငန်းသုံး ကာလာလေဆာ Copier, Printer, Scanner, Fax များ AO Size Pltter များ၊ ကျန်းမာရေးအထောက်အကူပြု ဆေးရုံလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ၊ Oxygen Concentrator, Patient Monitor များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သော Topcon အမှတ်တံဆိပ် RTK နည်းပညာသုံး Differential GPS များ၊ Total Station များ၊ Digital Theodolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်းသုံး GPS များ၊ Ohaus အမှတ်တံဆိပ်ဒစ်ဂျစ်တယ်ချိန်ခွင်များ၊ ELE အမှတ်တံဆိပ်မြေကြီးနှင့် Concrete အရည်အသွေးစမ်းသပ်သည့်စက်များနှင့် Fortune International Co.,Ltd.မှ Korea နိုင်ငံလုပ် SIGMA အမှတ်တံဆိပ် ဓာတ်လှေကား၊ စက်လှေကားများ၊ ဆေးနှင့်ဆေးပစ္စည်းဖြစ်သော အသည်းဆေး၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး၊ Cycloferon နှင့် Reamberin၊ Albumin၊ တယ်လီဖုန်းလိုင်းခွဲအိတ်ချိန်းများ၊ လက်ကိုင်ဖုန်းများ၊ GSM Access Kit များ၊ မွေးမြူရေးဆေးဝါးနှင့် အစားအစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Navigation & Communication ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။*

**မေးမြန်းနိုင်**

*အသေးစိတ်သိရှိလိုပါက Concordia International Co., Ltd. ရန်ကုန်မြို့ သုံးလွှာနှင့်ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၉-၅၀-၀၅၉၁၂၊ ၀၁-၇၃၀၀၉၂၂၃၊ ၅၄၄၁၉၉၊ မန္တလေးမြို့ အမှတ်-၅ (မြေညီထပ်) SYအဆောက်အအုံ လမ်း ၃၀၊ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀-၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈၊ နေပြည်တော် အမှတ်-၁၄၄ သီရိရတနာအဆင့်မြင့် ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂၊ Fortune International Co.,Ltd.ရန်ကုန်မြို့တွင် No(11/12), Bahosi Complex, Lanmadaw Township ဖုန်း-၀၁-၂၁၁၃၉၂-၄၊ မန္တလေးမြို့တွင် Great Wall Plaza, Room T4-T5, Coner of 31st & 78st Street, Chan Aye Thar San ဖုန်း-၀၂-၃၉၆၁၁-၃၂၊ နေပြည်တော်တွင် အမှတ်-၁၃၉ သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၁၁၈၃၊ ၀၆၇-၄၂၁၁၈၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။*

*(သတင်းစဉ်)*

15-6 (06).pmd 1 6/15/2010, 2:46 AM

## တံတား တည်ဆောက်နေမှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဝဲလောင်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြင်းခြံ-တောင်သာလမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇွန် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၁၁ရက် နံနက်ပိုင်းက မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မြင်းခြံမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြို့တွင်းလမ်းများ ကောင်းမွန်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြင်းခြံ-တောင်သာလမ်း မိုင်တိုင်အမှတ် (၄၅၁/၄) ၌ စက်ယန္တရားများဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၄၂၇/၃)ရှိ ရန်ကုန်-ပြည်- မန္တလေးလမ်း တံတားအမှတ် (၄/၄၃၀) (ဝဲလောင်တံတား)၌ ရေလယ်တိုင်တည်ဆောက်ရန် ကျောက်ခွေချခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ကမ်းကပ်ခုံတည်ဆောက်ရန်အတွက် သံချည်သံကွေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ တောင်သာ-ဝဲလောင်-ကျောက်ပန်းတောင်း-ညောင်ဦးလမ်းပိုင်းအခြေအနေနှင့် ပုပ္ပားတောင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### မိုးစပါး

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၁၃ရက်တွင် မကွေး-တောင်တွင်းကြီး လမ်းပိုင်း၌ လမ်းတိုးချဲ့ရန်အတွက် မြေကြီးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ပျိုးရန်အတွက် မြေယာထွန်ယက်ထားရှိမှုနှင့် တောင်တွင်းကြီးမြို့နယ် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ် ကျွဲဖြူကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသစ်တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

### ကျွန်းစိုက်ခင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ငမင်မြောင်းသစ် လက်တံမြောင်း ဖောက်လုပ်ထားရှိမှု၊ တောင်တွင်းကြီး-နေပြည်တော် လမ်းပိုင်းအခြေအနေများ၊ လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြေကြီးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လမ်းဘေးမြေထိန်းနံရံများ တည်ဆောက်ထားရှိမှု၊ ကျွန်းစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ပဲခူးရိုးမပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တောင်တွင်းကြီးမြို့နယ်ရှိ ဝံအော်ကြီး သစ်တောစခန်း၌ ကျွန်းစိုက်ခင်း စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၁၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဇွန်၁၂ရက် နံနက် ၁၀နာရီခွဲတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဒေါက်တာမောင်ထူး၊ မန္တလေးတိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွဋ်၊ အတွင်းရေးမှူး ဦးတင်ဦးနှင့် အဖွဲ့ခွဲဝင်များ၊ တိုင်းအတွင်းရှိ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် နေပြည်တော်ခရိုင်တို့မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲဝင်များ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ထွဋ်က တိုင်းအတွင်းခရိုင်အလိုက် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများဖွင့်လှစ်မှု၊ ကြီးကြပ် ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင် ရှစ်ခရိုင်တို့မှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မန္တလေးတိုင်းတာဝန်ခံ) ဦးမြင့်နိုင်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### အမှာစကားပြောကြား

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များလိုက်ပါလျက် မန္တလေးပညာရေး ကောလိပ်ခန်းမတွင် ရုပ်ကွက်နှင့် ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များအား ပို့ချလျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး မန္တလေးတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

# အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၁၄

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးကျော်ဝင်း တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူး အယူခံမှုငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း(အောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း(အထက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(သပြေကုန်း)တွင် ၀ဒသမ ၅၅လက်မ၊ ကျောက်တော်မြို့တွင် ၅ဒသမ ၅၅လက်မ၊ သံတွဲမြို့တွင် ၄ဒသမ ၅၇လက်မ၊ ကသာမြို့တွင် ၄ဒသမ ၄၅လက်မ၊ အမ်းမြို့တွင် ၄ဒသမ ၀၆လက်မ၊ မောင်တောမြို့တွင် ၄ဒသမ ၀၁လက်မ၊ မြောက်ဦးမြို့တွင် ၃ဒသမ ၉၄လက်မ၊ ကျောက်ဖြူမြို့တွင် ၃ဒသမ ၆၆လက်မ၊ ရွှေကူမြို့တွင် ၃ဒသမ ၄၃လက်မ၊ မာန်အောင်မြို့တွင် ၂ဒသမ ၂၄လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ဒသမ ၁၂လက်မ၊ ဇလွန်မြို့တွင် ၂ဒသမ ၀၉လက်မနှင့် မင်းဘူးမြို့တွင် ၁ဒသမ ၀၂လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**ဇွန် ၁၅ရက်ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း (အောက်ပိုင်း) နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

# မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) ဟောပြောပွဲ ကျင်းပမည်

*ရန်ကုန် ဇွန် ၁၄*

*မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင် ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS For SMEs (Eart-V1) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။*

### *စာရင်းပေးရမည်*

*ဟောပြောပွဲ တက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ပြီး ဟောပြောပွဲ တက်ရောက်ရန်အတွက် ဇွန် ၂၃ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးရမည်ဖြစ်သည်။*

### *ဖော်ပြ*

*စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန် လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက် မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်သည်။* ***(မြန်မာ့အလင်း)***

# စက်ရေတွင်းများကို နေရာဒေသ အများအပြား၌ တူးဖော်ပေးနေ

## ကျေးရွာများ၌ လက်ရိုက်ရေတွင်းများ တူးဖော်နိုင်ရေး ဆောင်ရွက်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းသူများ၏ အိမ်တွင်းမှုပညာရပ်များ သင်ကြားတတ်မြောက်မှုများကို ရင်းနှီးစွာ တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အပင်များ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးနိုင်သည့် အချိန်တွင် စီမံချက်များနှင့်အညီ တိုးချဲ့စိုက်ပျိုးသွားရန်၊ အောင်မြင်ဖြစ်ထွန်းနေသည့် အပင်များကိုလည်း ဂရုတစိုက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် အသေးစိတ်မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်သန်ခဲ့

ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းကို ၂၀၀၀-၂၀၀၁ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ရာ စိုက်ခင်း မြေဧက ၃၄၅၀တွင် တမာပင်ပေါင်း ၅၂၀၀၀၀နှင့် အခြားသစ်မျိုးစုံကို စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်မှုနည်းပါးသော နေရာများတွင်လည်း ဖြည့်စွက်စိုက်ပျိုးခဲ့ရာ ၇၀ ရာခိုင်နှုန်း ရှင်သန်ခဲ့သည်။ ယခုအခါ ၁၀နှစ်သား တမာပင် ၁၂၀၀၀နှင့် အပင်ကြီး ၆၀ကျော် ရှင်သန်ဖြစ်ထွန်းလျက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးခရိုင် ချောက်မြို့သို့ရောက်ရှိကြပြီး ဧရာဝတီမြစ်ကူး အနော်ရထာတံတားကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုကာ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့သို့ ရောက်ရှိကြသည်။

### တက်ရောက်အားပေး

ထို့နောက် ဝန်ကြီးချုပ်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဖောက်လုပ်ပြီးစီးသွားသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီးနောက် ဆိပ်ဖြူမြို့၌ ဖွင့်လှစ်ထားသည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိသည်။

ယင်းနောက် သင်တန်းခန်းမဆောင်၌ နိုင်ငံတော် ဝန်ကြီးချုပ်အား ကျောင်းအုပ်ကြီး ဒေါ်ခင်ထွေးရီက အခြေခံ အိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်သည် သင်တန်းသူများ၏ အိမ်တွင်းမှုပညာရပ်များ သင်ကြားတတ်မြောက်မှုများကို ရင်းနှီးစွာ တွေ့ဆုံမေးမြန်းပြီး သင်တန်းသူများ၏လက်ရာ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ကျောင်းအုပ်ကြီးထံ ပေးအပ်သည်။

### ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေတို့က သင်တန်းကျောင်းအတွက် ရုပ်မြင်သံကြားပြစက်၊ ကွန်ပျူတာ၊ ဗီဒီယိုပြစက်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

### ဖြည့်စွက်ရှင်းလင်း

ထို့နောက် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က မကွေးတိုင်းအတွင်း မြို့ပြရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် ယခုနှစ် နွေရာသီတွင် အပူချိန်လွန်ကဲပြီး အချို့ဒေသများ၌ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ နောင်နှစ်များတွင် သောက်သုံးရေအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ယခုကပင် စတင်ပြင်ဆင်သွားရန်၊ နိုင်ငံတော်အနေဖြင့် စက်ရေတွင်းများကို နေရာဒေသအများအပြားတွင် တူးဖော်ပေးနေသကဲ့သို့ ကျေးရွာများ၌လည်း လက်ရိုက်ရေတွင်းများ တူးဖော်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် ရေကန်များ မွမ်းမံပြုပြင်ဆောင်ရွက်သွားရန် မှာကြားသည်။

### စိုက်ပျိုးပေး

ယင်းနောက် ဝန်ကြီးချုပ်သည် သင်တန်းကျောင်းရှေ့ရှိ မြေကွက်လပ်၌ အထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးနှင့် ဝန်ကြီးများကလည်း ကံ့ကော်၊ ခရေနှင့် သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချောက်မြို့နယ် ရေတွင်းကျေးရွာအနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်က ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် ထုတ်လုပ်နေမှု၊ လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက်မှုလုပ်ငန်းများ၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနေမှုနှင့် စက်ရုံမှထုတ်လုပ်သော ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်များအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ် အသုံးပြုနေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ပင်မစက်ရုံနှင့် ကုန်ပစ္စည်းသိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

### အသုံးပြုနိုင်

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်ကို စက္ကူပျော့ဖတ်နှင့် ချည်မျှင်နှင့် အထည်လုပ်ငန်းများတွင် အရောင်ချွတ်ရာ၌လည်းကောင်း၊ ရေနှင့် ရေဆိုးများ သန့်စင်ရာတွင်လည်းကောင်း၊ ဓာတုဗေဒလုပ်ငန်းများ၊ ခန္ဓာကိုယ်သန့်စင်ရေးနှင့် အစားအစာများ သန့်စင်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်သန့်စင်ရေး လုပ်ငန်းများတွင်လည်းကောင်း အသုံးပြုနိုင်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် ကြွေသီးစက်ရုံ(ချောက်)သို့ ရောက်ရှိပြီး ကုန်ကြမ်းကြိတ်ခွဲနေမှု၊ သုတေသနဓာတ်ခွဲခန်း၌လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပင်မစက်ရုံ၌ ကြွေသီးများ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရည်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် စက်ရုံခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးက စက်ရုံတည်ဆောက်ခဲ့မှုနှင့် ထုတ်လုပ်မည့် အဆင့်မြင့်ကြွေသီးများ စမ်းသပ်ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဆင့်မြင့်ကြွေသီးများ မှာယူအသုံးပြုမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

### စံချိန်စံညွှန်းပြည့်မီ

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဓာတ်အားလိုင်း တည်ဆောက်ရေး လုပ်ငန်းများတွင် ဤစက်ရုံမှထုတ်လုပ်သည့် ကြွေသီးများကို တပ်ဆင်အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းများ အချိန်မီဆောင်ရွက်သွားရန်နှင့် အရည်အသွေး ကောင်းမွန်ရေး၊ စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်



ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ချောက်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)သို့ရောက်ရှိရာ စက်ရုံခန်းမ၌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးက စက်ရုံသမိုင်းအကျဉ်း၊ စက်ပစ္စည်းများနှင့် ချက်လုပ်နိုင်မှုပမာဏ၊ ရေနံမြေများမှ ရေနံစိမ်းရရှိမှုနှင့် ကုန်ချောထွက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ချောက်မြို့နယ် ဓာတ်မြေကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ဆွေ၏ လယ်မြေ၌ နှမ်းစပါး အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ရိတ်သိမ်းနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံရာတွင် တောင်သူလယ်သမားများအနေဖြင့် ရေကို အကျိုးရှိစွာ အသုံးပြုပြီး စပါးနှင့် ဆည်ရေသောက် သီးနှံများ ပိုမိုတိုးချဲ့ စိုက်ပျိုးသွားကြရန်၊ ရရှိလာသည့် ဝင်ငွေများကို ချွေတာစုဆောင်းကြရန်၊ မိမိတို့ ခက်ခဲပင်ပန်းစွာ ရှာဖွေထားရသည့် ငွေကြေးများဖြင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးနှင့် မိမိတို့၏ သားသမီးများ ပညာသင်ကြား တတ်မြောက်ရေးကို ဦးစားပေးလုပ်ကိုင် ဆောင်ရွက်သွားကြရန်၊ လိုအပ်သော မျိုး၊ ငွေကြေး၊ ဓာတ်မြေဩဇာ၊ နည်းပညာများကို သင့်လျော်သလို ပံ့ပိုးကူညီသွားနိုင်ရန်လည်း သက်ဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများက စီစဉ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်၍ အဆိုပါ အခွင့်အလမ်းကောင်းကို အမိအရ ဆုပ်ကိုင်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စိုက်ပျိုးရေးလုပ်ငန်းကို သာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အကျိုးအမြတ် ရရှိသည်အထိ အောင်မြင်အောင် တွဲဖက်လုပ်ကိုင် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

### ဥမင်ကိုးပေါက်

### လျှပ်စစ်မြစ်ရေတင်

ထို့နောက် ဝန်ကြီးချုပ်သည် ချောက်မြို့နယ် စလေမြို့အနီးရှိ ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ဥမင်ကိုးပေါက် လျှပ်စစ်မြစ်ရေတင် စီမံကိန်း တည်ဆောက်ခဲ့မှု၊ စိုက်ပျိုးမြေဧက ၇၈၀၀ကို ရေပေးဝေနေမှု၊ ရေသောက် ဧရိယာအတွင်း စိုက်ပျိုးလျက်ရှိသည့် သီးနှံများနှင့် စပါးစိုက်ဧက တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ပေါင်းစပ်ညှိနှိုင်း

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မိမိတို့နိုင်ငံသည် လက်ရှိအခြေအနေ၌ စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမြေရရှိနိုင်သရွေ့ကို တန်ဖိုးရှိအောင်၊ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ ဤသို့ စိုက်ပျိုးမြေတိုးချဲ့နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ရေရရှိရေးသည် အဓိကဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံကို ကြံဆ စီမံပြီး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ မြစ်ရေတင်စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပင်မတူးမြောင်း၌ ရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်သည် ရေနံချောင်းမြို့ ရေနံချောင်းစက်မှုဇုန်ရှိ STAR မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းသို့ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းမော်ထွန်းက STAR မော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေမှုနှင့် တင်ပို့ရောင်းချမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းတို့က လုပ်ငန်းပိုမိုတိုးတက် အောင်မြင်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ကြိုးစားဆောင်ရွက်

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးမေးမြန်းပြီး နိုင်ငံတော်အနေဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေးပံ့ပိုး ကူညီလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့် နိုင်ငံတော်က ကူညီဖြည့်ဆည်းပေးရမည့်ကိစ္စများကို စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ရေး၊ ပြည်တွင်း၌သာမက ပြည်ပနှင့်ပါ ချိတ်ဆက်၍ လုပ်ငန်းတိုးချဲ့မြှင့်တင်နိုင်ရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး စက်ရုံအတွင်း မော်တော်ဆိုင်ကယ်များ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

### ဒေါင်းနေချောင်းတံတား

ထို့နောက် ဝန်ကြီးချုပ်သည် မကွေးမြို့နယ် ဒေါင်းနေကျေးရွာအနီး ဒေါင်းနေချောင်းပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၄)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒေါင်းနေချောင်းတံတား တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိ

# ရိုးသား၊ ကြိုးစား ဧရာဝတီသားများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သတင်းထောက်ကြည်ရှင်

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၄

**၂၀၁၀ ခုနှစ် နွေရာသီကား ထူးထူးခြားခြား ပူပြင်းခဲ့သည်။ ကမ္ဘာတစ်လွှား စက်မှုအင်အားကြီးနိုင်ငံတို့က ဖန်လုံအိမ်အာနိသင် မဆင်မခြင်ထုတ်လွှတ်မှုများအပေါ် သဘာဝတရားကြီးက ဒဏ်ခတ်ခြင်းဟု ယူဆရမတတ်ပင်….။ ကမ္ဘာကြီးကို ဝတ်ရုံလွှာသဖွယ် ဖုံးလွှမ်းထားသော အိုဇုန်းလွှာပေါက်ပြဲပြီး နေမှထုတ်လွှတ်သော ခရမ်းလွန်ရောင်ခြည် (Ultra Violet Ray) များ ကမ္ဘာပေါ်ကို အတိုင်းအတာတစ်ခုအထိ အဆီးအတားမဲ့ ကျရောက်နေပြီဖြစ်ရာ ကမ္ဘာ့လူသားတို့ ကာကွယ်ဖို့ကြိုးစားနေကြရပြီ ဖြစ်သည်။**

## ပျက်စီး

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုများ၏ ရိုက်ခတ်ချက်ကို မြန်မာနိုင်ငံတွင်လည်း ကြုံတွေ့ခဲ့ရသည်၊ ကြုံတွေ့နေရသည်။ ၂၀၀၈ခုနှစ် မေ ၂ရက်နှင့် ၃ရက်က ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြတ်သန်းတိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးက သက်သေတည်ခဲ့သည်။ နာဂစ်ဒဏ်ကို ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း တို့တွင် အလူးအလဲ ခံခဲ့ကြရသည်။ လူနှင့် တိရစ္ဆာန်များ သေကျေဒဏ်ရာရ၊ သစ်ပင်များနှင့် အဆောက်အအုံကြီးငယ်များ ပြိုလဲ၊ ရေတွင်းရေကန်နှင့် ရေချိုအရင်းအမြစ်များ ပျက်စီးခဲ့ကြရသည်။

သို့သော် မြန်မာတို့၏ ထူးခြားသော စုစည်းမှုစွမ်းအင်ဖြင့် သဘာဝ အဖျက်ဘေးဒဏ်ကြီးကို ကြံ့ကြံ့ခံအန်တုခဲ့ကြသည်။ လျင်မြန်စွာ ရုန်းထခဲ့သည်။ တစ်ဟုန်ထိုး ပြုပြင်တည်ဆောက်ခဲ့ကြသည်။ ၂၀၀၉ခုနှစ် မေ၂ရက် နာဂစ်တစ်နှစ်ပတ်လည်အချိန်မှာပင် ဒေသအတွင်း ယခင်အခြေအနေများထက် အစစအရာရာ ပိုမိုသာလွန် ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

## အဆိုးထဲမှ အကောင်း

၂၀၁၀ခုနှစ် မေလ နာဂစ် (၂)နှစ်နှစ်ပတ်လည်အချိန်၌ ဒေသခံပြည်သူများ ယခင်က အိပ်မက်မျှပင် မမက်ခဲ့ဖူးသော လမ်းမကြီးများ၊ မြစ်ကူး၊ ချောင်းကူး တံတားကြီးများ၊ ရေငန်တားတမံများ၊ မုန်တိုင်းဒဏ်ခံ သံကူကွန်ကရစ် အဆောက်အအုံ (Cyclone Shelter) များ ဒေသအတွင်း ဟိုနေရာ၊ ဒီနေရာ အလျှိုလျှို ပေါ်ပေါက်လာခဲ့ရာ ပတ်ဝန်းကျင်နိုင်ငံများပင် လက်ဖျားခါခဲ့ရသည်။ ဒေသခံများအနေနှင့်လည်း နိုင်ငံတော်ကို ကျေးဇူးတင်၍ မဆုံးတော့။ နိုင်ငံတော်ကို ကျေးဇူးဆပ်သည့်အနေဖြင့် မိမိတို့၏ ပင်ကိုအသိစိတ်ဓာတ်များကို ဘာသာတရား အဆုံးအမများနှင့်အညီ မြှင့်တင်ကြမည်၊ ကိုယ့်ဝန် ကိုယ်ထမ်းကြမည်၊ ကိုယ့်အားကိုယ်ကိုးကြမည်။ ရေသာခိုအချောင်လိုက်စိတ်များ ဖျောက်ဖျက်ပစ်မည်၊ မိမိကိုယ်ကျိုးထက် အများအကျိုးကို ဦးစားပေးထမ်းဆောင်ကြမည် စသည့် ကောင်းမွန်သော စိတ်ထားများ တဖွားဖွား ပေါ်ပေါက်လာကြသည်။ သဘာဝတရား ၏ တိုက်ခိုက်မှုခံရခြင်းဟူသော အဆိုးထဲမှ အကောင်းဖြစ်လာသည်။ ယင်းတို့ကား ၂၀၀၈ခုနှစ် အဖြစ်အပျက်များပင်။

**ဖျာပုံမြို့နယ်အတွင်း ဒေသခံများသောက်သုံးရေဖူလုံစေရန် ဤသို့ သောက်သုံးရေကန်ကြီးများကိုလည်း တူးဖော်ပေးထားလျက်ရှိနေသည်မှာ….။**



၂၀၀၉ခုနှစ်သည် ‘အယ်လ်နီညို’ နှစ်ဖြစ်ခဲ့သည်။ ‘အယ်လ်နီညို’ပြီးလျှင် သဘာဝဖြစ်စဉ်အရ ၂၀၁၀ခုနှစ်မှာ ‘လာနီညာ’ ဖြစ်လာနိုင်သည်ဟု ပညာရှင်များ ခန့်မှန်းခဲ့ကြသည်။ သို့သော်‘အယ်လ်နီညို’ ရာသီဥတုအခြေအနေအတိုင်း ဆက်လက်ဖြစ်ပေါ်လာခဲ့ပြီး မြန်မာနိုင်ငံ နွေရာသီအပူချိန်များ စံချိန်တင် မြင့်တက်ခဲ့သည်။ စစ်ကိုင်းတိုင်း မြင်းမူမြို့တွင်၂၀၁၀ခုနှစ် ဧပြီ ၁၅ရက်က ယင်းမြို့၏ ၄၆နှစ်အတွင်း အမြင့်ဆုံး အပူချိန် စံချိန်သစ်ဖြစ်သည့် အပူချိန် ၄၇ဒသမ ၂ဒီဂရီစင်တီဂရိတ်အထိရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ချောက်၊ မကွေးနှင့် မြင်းခြံမြို့များတွင်လည်း အပူချိန် စံချိန်သစ်များ တင်ခဲ့သည်။

## စဉ်းစားပူပန်

ဧရာဝတီတိုင်းသည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့ကဲ့သို့ အပူချိန်စံချိန်မချိုးခဲ့ပါ။ သို့သော် နာဂစ် မုန်တိုင်းဒဏ်ခံဒေသတွင် အဖိုးတန်အရိပ်ရအပင်ကြီးများ၊ ပြိုလဲပျက်စီးခဲ့ရခြင်းကြောင့် ယခင်နှစ်များထက် ပိုမို ပူပြင်းသကဲ့သို့ ခံစားကြရသည်။ မုတ်သုံအဝင်နောက်ကျပြီး မိုးဦး မရွာဖြစ်ခြင်းကြောင့် အပူရှိန်ကို ကာလရှည်ကြာစွာ ခံစားခဲ့ရသည်။ ဒေသအတွင်း ပြည်သူများ သောက်သုံးရေ ရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့လာရနိုင်သည်ကို စဉ်းစားပူပန်မှုကြောင့် နိုင်ငံတော်က ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ခဲ့သည်။ မြေပြင်အခြေအနေမှန်ကို မြင်တွေ့သိရှိရန် ကွင်းဆင်း စစ်ဆေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ပထမဦးစွာ ဧရာဝတီတိုင်း ငပုတောမြို့နယ်မှသည် လပွတ္တာမြို့နယ်အတွင်း အထက်ပြွန်၊ ရေပေါ်ကြီး၊ ဂန့်အိတ်၊ ကပြို၊ ဥက္ကံကြီး၊ ဇင်ရွဲလေး၊ နလင်ကျော်၊ သဃ်န်းကြီး၊ ပျဉ်ထောင်ကွင်းကျေးရွာများသို့ ကွင်းဆင်း စစ်ဆေးကာ ဒေသခံပြည်သူများနှင့် တိုက်ရိုက်တွေ့ဆုံခြင်း၊ ရေတွင်းရေကန်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဘိုကုန်း၊ လွှစာ၊ ဆားချက်၊ သိပ္ပံကုန်းကြီးကျေးရွာရှိ ရေတွင်းရေကန်များ၌ သိုလှောင်ရေ လက်ကျန်အခြေအနေ၊ ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းများ အခြေအနေတို့ကို စစ်ဆေးပြီး မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းနှင့် ကံစုကျေးရွာတို့သို့ လည်းကောင်း၊ ဘိုကလေးမြို့နယ် ကျွန်းသာယာနှင့် ကြိမ်ချောင်းကြီးတို့သို့ လည်း သောက်သုံးရေရရှိမှု အခြေအနေများစစ်ဆေးခြင်း၊ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နိုင်သည့် ကျေးရွာများ၌ ရေရှည်အကျိုးပြုနိုင်မည့် ရေရရှိရေး နည်းလမ်းများဖြင့် စီမံဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဖျာပုံမြို့၏ ပင်မသောက်သုံးရေကန်ဖြစ်သော ကန်တော်ကြီးရေကန်သို့လည်းကောင်း၊ ကျိုက်လတ်မြို့နှင့်မအူပင်မြို့တို့တွင်လည်း သောက်သုံးရေ အခက်အခဲ မရှိစေရန် ဖြည့်ဆည်းစီစဉ် ဆောင်ရွက်ပေးခဲ့သည်။ ဒေသခံများကလည်း ပူးပေါင်း ပါဝင်ခဲ့သဖြင့် အောင်မြင်မှုများ ရခဲ့သည်။

## ကြံ့ကြံ့ခံအန်တု

၂၀၁၀ခုနှစ် မေလ ဒုတိယပတ်အထိ မိုးဦးရွာသွန်းမှုမရှိခဲ့ပဲ ယခုမှသာ မုတ်သုံက ခြေချလာခဲ့သည်။ ထိုစဉ်က ဆိုလျှင် ပူပြင်းသည့် ရာသီဥတုအတိုင်း ဆက်လက်ဖြစ်ပေါ်လာပါက သောက်သုံးရေ ရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်သည့် ဧရာဝတီတိုင်းအတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအတွက် ကြိုတင်ကာကွယ်ရေးနှင့် အခက်အခဲကာလ ကူညီဖြေရှင်းရေး အစီအစဉ်များ ချမှတ်ကာ အကောင်အထည် ဖော်နိုင်ခဲ့သည်။ သောက်သုံးရေအတွက် ဧရာဝတီသားတို့ အခက်အခဲမရှိခဲ့၊ သောက်သုံးရေအတွက် စိုးရိမ်ကြီးစွာ မခံစားခဲ့ရ၊ ပြည့်ဝဖူလုံစွာ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

## အောင်မြင်မှု

ထို့ကြောင့် သဘာဝဘေးအန္တရာယ်များ မည်သို့ပင်ကြုံကြုံ နိုးကြားမှု၊ ကြိုးစားမှုများဖြင့် ပြည့်ဝနေသော ဧရာဝတီတိုင်းသားတို့ အားမာန်ကား အင်အားကြီးမားလှသကဲ့သို့ အခက်အခဲဟူသမျှကို ကျော်လွှားအောင်မြင်နိုင်သည့် စိတ်ဓာတ်များ လူတိုင်းကိုယ်စီတွင် အပြည့်အဝ ကိန်းအောင်းနေသည်ကို အောင်မြင်မှုများက ဖော်ညွှန်းပြသနေပါကြောင်း။ ။ **(မြန်မာ့အလင်း)**

**သန့်ရှင်းသောသောက်ရေသန့်များကို မော်လမြိုင်ကျွန်းမြို့နယ်တွင်း၌ ကျေးလက်နေ ပြည်သူများအတွက် စက်လှေများဖြင့် ဤသို့ ထပ်မံဖြည့်ဆည်း သယ်ဆောင် ဆောင်ရွက်နေမှုများကိုလည်း ဤသို့တွေ့ရသည်။**



# ပြည်မြို့နယ် ကော်မရှင်အဖွဲ့ခွဲလုပ်ငန်း သင်တန်းဖွင့်ပွဲ ကျင်းပ

ပြည် ဇွန် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက ပြည်မြို့နယ် သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးချစ်လှက အမှာစကားပြောကြားသည်။

## ရှင်းလင်းပို့ချ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရန် လုပ်ငန်းများ၊ မဲရုံနမူနာများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချကြသည်။

## တက်ရောက်

အဆိုပါသင်တန်းကို ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ဖွင့်လှစ်ပို့ချရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး ၄၅၀ နှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ၃၂၅ ဦး စုစုပေါင်း ၇၇၅ ဦးတက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၄

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ကြည့်မြင်တိုင် ထီးတန်းအိမ်ရာစီမံကိန်းနေရာမှ ဗိုလ်တထောင်သန်လျက်စွန်းအထိ ၅ဒသမ၈မိုင်ရှည်လျားသည့် တိုးချဲ့ကမ်းနားလမ်းသစ်စတင်ဖောက်လုပ် မျက်နှာဖုံးအထူးသတင်း၊ ဧရာဝတီစေတနာ ဧရာဝတီအသိနှင့် ဧရာဝတီတာဝန်၊ တစ်နိုင်ငံလုံးစိတ်ဝင်စားသည့် ရန်ကုန်မြို့တော်စည်ပင် အထင်ကရ ဈေးကြီးများ အထူးသတင်းဆောင်းပါးများနှင့် အထူးသတင်းဓာတ်ပုံများ၊ မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ အောင်(ဆေး-၁)တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အားလုံးနဲ့လက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော်ထူထောင်ချင်ပါတယ်ဟု ဆိုလာသည့် ခေတ်သစ်ပြည်သူ့ပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မောင်စူးစမ်း၏ လွတ်တော်နိုင်ငံရေး သုံးမျိုးသုံးစား၊ သဘောထားအမြင်နှင့် ပညာခြားနား၊ စောရွှေသန်း(အလုံ)၏ နိုင်အောင်ပြိုင်ကြသော်လည်း မတူခြားနားပါသည် ဆောင်းပါးများကို ဖော်ပြထားသည်။

## ဝေဝေဆာဆာ

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှား ထူးခြားဖြစ်ရပ်များ၊ မှုခင်းသတင်းများ စသည့် ကဏ္ဍများ ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် ဆိုင်အသစ်၊ ဝန်ဆောင်မှုအသစ်တို့ဖြင့် ဈေးကွက်အသစ်ဖွင့်လှစ်လိုက်သော စက်သုံးဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံတွင် လမ်းသစ်များဖောက်လုပ်ရန် အိန္ဒိယ အခြေစိုက်ကုမ္ပဏီတစ်ခုကစီစဉ်၊ ငလျင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်၊ ဆိုးဆေးနှင့်ပတ်သက်၍ ပညာပေးခြင်းများရှိနေသော်လည်း လိုက်နာမှု အားနည်းနေသေးကြောင်း တွေ့ရှိရ၊ လက်လီရောင်းချသူများကိုယ်တိုင် ဆေးဆိုးရောင်းချခြင်းများရှိနေ၊ တိုင်းရင်းဆေးဆရာများ ဆေးထိုးအပ်ကိုင်ဆောင်ခွင့် မရှိဟုဆိုစသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်မြန်မာ့အသံ

## ရေဒီယိုအစီအစဉ်

**(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)**
**၁၆-၆-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်
**(ရတနသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ (အပိုင်း-၄၄) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၁၀၁) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ (၆)
၁၂း၂၅ ဓာတ်လမ်းပမာနားဆင်စရာ (မေတ္တာပုံရိပ်)
၁၂း၄၅ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ရှောက်သီးသုပ်နဲ့ ကြာဆံဟင်းခါး)
၁၇း၁၀ Current Song(27)
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၇း၃၅ အင်္ဂလိပ်စာ သုတပဒေသာ (၁၁)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၅၄)
၁၈း၂၀ ကျေးလက်ဇာတ်လမ်း (သက်တမ်းကုန်သွားတဲ့အချစ်)
၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (အကယ်ဒမီအောင်လွင်)
၁၉း၄၀ ဝတ္ထုတိုခံစားမှု (လှချက်အံ့မခန်း တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၂၀ တေးပဒေသာ
၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးလိပ်၊ အရက်၏ ဆိုးကျိုးများ) လူမှုရေးဦးတည်ချက်
၂၁း၀၀ ကာလပေါ်တူရိယာအဖွဲ့ ဖျော်ဖြေခန်း (ယဉ်ကိန္နရီ ကာလပေါ်အဖွဲ့)
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

# ချန်ပီယံမှန်းထားသော လိမ္မော်ရောင်နယ်သာလန်ခြေစွမ်းပြ ဟွန်ဒါ၏အနိုင်ဂိုးဖြင့် အာရှသား ဂျပန်တို့ မျက်နှာပန်းလှ

**မြင့်မောင်စိုး–စုစည်းရေးသားသည်**




**ဂျိုဟန်နစ္စဘတ် ဇွန် ၁၄**

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု ပွဲစဉ်များကို တောင်အာဖရိက နိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားလျက် ရှိသည်။ အုပ်စု(င)ပွဲစဉ်အဖြစ် ဇွန်၁၄ရက် ညနေပိုင်းက နယ်သာလန်အသင်းနှင့် ဒိန်းမတ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ လိမ္မော်ရောင် နယ်သာလန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ပါဝင်**

အဆိုပါ ပြိုင်ပွဲကို ဂျိုဟန်နစ္စဘတ်မြို့ ဆောကာစီးတီး အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီးမှာ ပြင်သစ်ဒိုင်လူကြီး စတီဖိန်းလင်နို့င်းဖြစ်သည်။ နယ်သာလန် အသင်းတွင် ဒဏ်ရာရထားသော အာဂျင်ရော့ဘင် မပါဝင်နိုင်သော်လည်း ဗန်ပါစီ၊ ဒက်ကွတ်ဇ် အစရှိသော နာမည်ကြီး ဘောလုံးသမားများ ပါဝင်ကစားခဲ့သည်။ နယ်သာလန် ကစားသမားများသည် လိမ္မော်ရောင် ရှပ်အင်္ကျီကို ဝတ်ဆင်လျက် ကစားခဲ့သည်။

ဒိန်းမတ်အသင်းတွင် ဘန့်တနာ၊ ဂျိုဂျင်ဆင်၊ပေါဆင်အစရှိသော နာမည်ကြီး ဘောလုံးသမားများ ပါဝင်ကစားခဲ့ကြသည်။ ဒိန်းမတ်ကစားသမားများသည် အဖြူရောင် ရှပ်အင်္ကျီကို ဝတ်ဆင်လျက် ကစားခဲ့ကြသည်။ ပွဲမစမီ ဆောကာစီးတီး ဘောလုံးကွင်းကြီး တစ်ခုလုံး လိမ္မော်ရောင်နှင့် အဖြူရောင်ဝတ်စုံများ ဝတ်ဆင်လျက် ပရိသတ်များက ကွင်းလုံးပြည့် အားပေးခဲ့ကြသည်။ ပွဲစသည်နှင့် နယ်သာလန်ကစားသမားများက ဒိန်းမတ်နောက်တန်းကို ဖိကစားနိုင်ခဲ့သည်။

**လက်ဆောင်ဂိုး**

ဒုတိယပိုင်းတွင် နယ်သာလန် တိုက်စစ်မှူးများ တိုက်စစ်အား အရှိန်မြှင့် ကစားခဲ့ရာ ပွဲစပြီး တစ်မိနစ်အတွင်းမှာပင် ဗန်ပါစီဖြတ်တင်သော ဘောလုံး ဒိန်းမတ် နောက်တန်းလူပေါဆင် ခေါင်းကိုထိမှန်ပြီး ဂိုးဝင်သွားသဖြင့် နယ်သာလန်တို့ လက်ဆောင်ဂိုး ရလိုက်သည်။ ယင်းရလဒ်ကြောင့် နယ်သာလန် ကစားကွက် ပိုမြန်လာသည်။ ပွဲပြီးရန် ငါးမိနစ်အလိုတွင် လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်ဇ်က အီလီယာ ကန်သွင်းသော ဘောလုံးတိုင်ထိ ပြန်ထွက်လာစဉ် အပိုင်ပိတ်သွင်းလိုက်သဖြင့် နယ်သာလန်တို့ ဒုတိယဂိုးရခဲ့သည်။

**ဒုတိယပွဲ**

အာရှသား ဂျပန်အသင်းနှင့် အာဖရိက စတားကင်မရွန်းတို့သည် အုပ်စု(င)ဒုတိယ ပွဲစဉ်အဖြစ် ဘလွန်းဖောင်တိန်အားကစား ကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဂျပန် နာမည်ကြီးကစားသမားများအဖြစ် ဟွန်ဒါ၊ မစ်ဆူအိနှင့် အိုဘူတိုအစရှိသော ကစား သမားများပါဝင်ပြီး အပြာရောင်ရှပ်အင်္ကျီ ဖြင့် ဝတ်ဆင်ကစားခဲ့ကြသည်။

ကင်မရွန်း ကစားသမားများတွင် တိုက်စစ်မှူး အီတိုး၊ ဂျယ်ရီမီ၊ ဝီဘို၊ မာကွန်း အစရှိသော ကစားသမားများ ပါဝင်ပြီး အဝါရောင်ရှပ်အင်္ကျီ ဝတ်ဆင်လျက် ကစားခဲ့ခြင်းဖြစ်သည်။ ယင်းပွဲ၌ ကွင်းလယ်ဒိုင်လူကြီးအဖြစ် ပေါ်တူဂီ ဒိုင်လူကြီး ဘင်ကွာရင်ကာက တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နှင့် ကင်မရွန်းပရိသတ်များ ကွင်းလုံးပြည့် ကြည့်ရှုအားပေးခဲ့ကြသည်။

ပွဲစသည်နှင့် အဖွင့်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ် အပြန်အလှန်ထိုးဖောက် ကစားခဲ့သည်။ ကင်မရွန်းက ဘောလုံး ပိုင်ဆိုင်မှုအများဆုံးဖြင့် ထိုးဖောက်ကစား နိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၃၉မိနစ်တွင် ဂျပန်တိုက်စစ်မှူး မစ်ဆူအိဖြတ်တင်ပေး သောဘောလုံးမှတစ်ဆင့် ဟွန်ဒါက ဂျပန် အသင်းအတွက် သွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးဖြင့် ဂျပန်အသင်းသည် ကင်မရွန်းကိုအနိုင်ရလိုက်၍ နယ်သာလန် အသင်းနည်းတူ ရမှတ်သုံးမှတ် စုဆောင်း နိုင်ခဲ့သည်။ ။ **ကိုးကား–အင်တာနက်**



ဂျပန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူးဟွန်ဒါ (ကျောနံပါတ် ၁၈)က ဤသို့သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

# MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့အပြီး လက်ရှိချန်ပီယံ ရတနာပုံ F.C ထိပ်ဆုံးနေရာကို ရယူ

**သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ–ဖိုးသော်ဇင်** **စာမျက်နှာဖွဲ့စည်းမှု – ဝင်းနိုင် (မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၁၄**

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့နောက်ဆုံးပွဲစဉ်ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဥဿာယူနိုက်တက်အသင်းနဲ့ ဧယျာရွှေမြေ အသင်းတို့ နှစ်ဂိုးစီ သရေပွဲဖြစ်သွားပါတယ်။

**ဥဿာယူနိုက်တက် – နှစ်ဂိုး ဧယျာရွှေမြေ – နှစ်ဂိုး**

ဧယျာရွှေမြေအသင်းအနေနဲ့ အခုပွဲအနိုင်ရခဲ့ရင် ပထမအကျော့အပြီးမှာ အမှတ်ပေး ဇယားထိပ်ဆုံးနေရာကို ရယူနိုင်မှာဖြစ်ပေမယ့် သရေတစ်မှတ်သာရခဲ့တာကြောင့် လက်ရှိ ချန်ပီယံရတနာပုံအသင်းထံသို့ ထိပ်ဆုံးနေရာလွှဲပေးခဲ့ရပါတယ်။ ဧယျာရွှေမြေအသင်းဟာ အမာခံကစားသမားတွေဖြစ်တဲ့ ရဲဝေယံစိုးနဲ့ ကျော်ဇင်ဝင်းတို့ ပွဲပယ်ခံထားရသလို တောင်ကိုရီးယားတိုက်စစ်မှူးကင်မ်လည်း ဒဏ်ရာကြောင့်မပါဝင်နိုင်ခဲ့ပါဘူး။ အဲဒါကြောင့် ဧယျာရွှေမြေအသင်းဟာ အားပျော့နေခဲ့ပြီး ဥဿာယူနိုက်တက်ကို အသာစီးမှ မကစားနိုင်ခဲ့သလို သရေတစ်မှတ်ရဖို့နောက်ကနေ ချေပဂိုးတွေ ပြန်သွင်းခဲ့ရတာဖြစ်ပါတယ်။

**ဦးဆောင်ဂိုး**

တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပိုကောင်းလာတဲ့ ဥဿာယူနိုက်တက်အသင်းကတော့ အခုပွဲမှာလည်း ဧယျာရွှေမြေအသင်းရဲ့ အိပ်မက်တွေကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ အခုပွဲမှာလည်း နှစ်ကြိမ်တိုင်ဦးဆောင်ဂိုးတွေသွင်းနိုင်ခဲ့ပြီး ပွဲပြီးခါနီးမှာ ပေးလိုက်ရတဲ့ဂိုးကြောင့်သာ အနိုင်မရခဲ့တာဖြစ်ပါတယ်။ ပထမပိုင်းမှာတော့ ဥဿာယူနိုက်တက်အသင်းရဲ့ ထိုးဖောက်မှု တွေဟာ ထိရောက်ခဲ့ပြီး ဧယျာရွှေမြေဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ၁၉မိနစ်မှာ ဥဿာတိုက်စစ်မှူးလစ်ပီလစ်ပီကို ဧယျာရွှေမြေဂိုးသမား ညီညီလွင် ဖျက်ထုတ်တာ ကြမ်းလို့ ဥဿာတို့ပယ်နယ်တီကန်ခွင့်ရပြီး လစ်ပီလစ်ပီကပဲ ဦးဆောင်ဂိုးအဖြစ် သွင်းယူ ခဲ့ပါတယ်။ ဧယျာရွှေမြေအသင်းရဲ့ တိုက်စစ်ဆင်မှုတွေဟာ ပထမပိုင်းမှာ မထိရောက် ခဲ့ဘဲ တိုက်စစ်မှူးတွေဖြစ်တဲ့ ဂျောင်ဆောင်ဘေနဲ့ စည်သူသန်းတို့ကလည်း အတွဲမမိခဲ့ ပါဘူး။ ဒုတိယပိုင်းအစမှာ စည်သူသန်းအစား ကျော်ကိုကိုဝင်လာမှ ဧယျာရွှေမြေတိုက်စစ် ပိုကောင်းလာပြီး ၄၈မိနစ်မှာ ရာဇာဝင်းသိန်းက ခေါင်းတိုက်ပြီး ချေပဂိုးပြန်သွင်းခဲ့ပါ တယ်။ အဲဒီနောက်ပိုင်းမှာတော့ ပွဲဟာအပြန်အလှန်ရှိလာပြီး ၈၈မိနစ်မှာ အော်တိုက ဥဿာအတွက် ဒုတိယဂိုးထပ်သွင်းခဲ့လို့ ဥဿာအသင်းအနိုင်ရပြီလို့ ထင်မှတ်နေစဉ်မှာပဲ နာကျင်အချိန်ပိုမှာ ချေပဂိုးပြန်ပေးခဲ့ရပါတယ်။ ဧယျာရွှေမြေအတွက် ချေပဂိုးကိုတော့ တောင်ကိုရီးယားတိုက်စစ်မှူး ဂျောင်ဆောင်ဘေက ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။



ဥဿာအသင်း ပယ်နယ်တီရရှိစေခဲ့သည့် ဥဿာတိုက်စစ်မှူး လစ်ပီလစ်ပီ၏ ထိုးဖောက်မှု။

**ဒုတိယအကျော့**

ပထမအကျော့ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး လက်ရှိချန်ပီယံရတနာပုံအသင်းက ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ပါတယ်။ ဧယျာရွှေမြေအသင်းဟာ ရတနာပုံနဲ့ အမှတ်တူ ပေမယ့် သွင်းဂိုးနည်းလို့ ဒုတိယနေရာကိုရောက်သွားခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်တွေကို ဩဂုတ် ဒုတိယပတ်မှာ စတင်မှာဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

**ပထမအကျော့အပြီး အသင်းများ၏ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ရတနာပုံ | ၁၀ | ၆ | ၃ | ၁ | ၂၀ | ၈ | ၂၁ |
| ၂ | ဧယျာရွှေမြေ | ၁၀ | ၆ | ၃ | ၁ | ၁၈ | ၆ | ၂၁ |
| ၃ | ကမ္ဘောဇ | ၁၀ | ၆ | ၂ | ၂ | ၁၄ | ၆ | ၂၀ |
| ၄ | ရန်ကုန်ယူနိုက်တက် | ၁၀ | ၅ | ၃ | ၂ | ၂၁ | ၆ | ၁၈ |
| ၅ | ဆောက်သမ်းမြန်မာ | ၁၀ | ၅ | ၂ | ၃ | ၂၁ | ၁၆ | ၁၇ |
| ၆ | မကွေး | ၁၀ | ၅ | ၂ | ၃ | ၁၉ | ၁၉ | ၁၇ |
| ၇ | ဥဿာယူနိုက်တက် | ၁၀ | ၄ | ၂ | ၄ | ၁၁ | ၁၁ | ၁၄ |
| ၈ | ဒယ်လ်တာယူနိုက်တက် | ၁၀ | ၄ | ၁ | ၅ | ၁၃ | ၁၄ | ၁၃ |
| ၉ | မနောမြေ | ၁၀ | ၃ | ၁ | ၆ | ၁၅ | ၂၆ | ၁၀ |
| ၁၀ | နေပြည်တော် | ၁၀ | ၁ | ၁ | ၈ | ၁၂ | ၁၈ | ၄ |
| ၁၁ | ဇွဲကပင်ယူနိုက်တက် | ၁၀ | - | - | ၁၀ | ၁ | ၃၅ | - |

## ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

**အာကာဟိန်း – စုစည်းတင်ပြသည်**

### မီဒီယာသမားများလေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

*တောင်အာဖရိကနိုင်ငံ ကိတ်ဗ်တောင်းမြို့မှ ဂျိုဟန်နစ္စဘတ်မြို့သို့ ကမ္ဘာ့ဖလား ဘောလုံးပွဲ သတင်းယူမီဒီယာသမားများ လိုက်ပါလာသော လေယာဉ်သည် စက်ချွတ်ယွင်းပြီး ဂျိုဟန်နစ္စဘတ်မြို့အနီး မြေပြင်သို့ ဇွန် ၁၄ရက် နံနက်က အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း တောင်အာဖရိကများက သတင်းထုတ်ပြန်သည်။*

### အင်နီယေစတာ အဖွင့်ပွဲစဉ်၌ ပါဝင်ကစားမည်

*ဒဏ်ရာရရှိနေသော စပိန်ကွင်းလယ်ကစားသမား အင်နီယေစတာသည် ဇွန်၁၆ရက်၌ ဆွစ်ဇာလန်နှင့်ကစားရမည့် အဖွင့်ပွဲစဉ်၌ စပိန်အသင်းတွင် ပါဝင် ကစားမည်ဖြစ်ကြောင်း စပိန်အသင်းတာဝန်ရှိသူများက ဇွန် ၁၄ရက်တွင် ပြောကြား သည်။*

### ဂိုးသမားဂရင်းအားဆက်လက်တာဝန်မပေးရန်တောင်းဆို

*အင်္ဂလန်နှင့် အမေရိကန်တို့ပွဲတွင် ဂိုးသမားဂရင်းပေါ့ဆမှုကြောင့် တစ်ဂိုးပေးခဲ့ ရသဖြင့် သရေဖြစ်ခဲ့ရသည့်အတွက် လာမည့်ပွဲများ၌ အင်္ဂလန်ဂိုးသမားအဖြစ် ဆက်လက်မသုံးရန် နည်းပြကာပယ်လိုအား အင်္ဂလန်ပရိသတ်များက ဇွန် ၁၄ရက်၌ စာများပေးပို့ကာ တရားဝင်တောင်းဆိုခဲ့ကြသည်။*

### တောင်ကိုရီးယားမြို့ကြီးများ၌ပရိသတ်များအောင်ပွဲခံ

*တောင်ကိုရီးယားအသင်းက ဂရိအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း မြို့ကြီးများဖြစ်သော ဆိုးလ်၊ ဘူဆန်မြို့တို့အပါ အဝင် အခြားမြို့များ၌ ပရိသတ်များ လမ်းမများပေါ်ထွက်ကာ ညလုံးပေါက် အောင်ပွဲခံခဲ့ကြကြောင်း တောင်ကိုရီးယားအရာရှိများက ဇွန် ၁၄ရက်၌ သတင်း ထုတ်ပြန်သည်။*

### မြောက်ကိုရီးယားအသင်း အဖွင့်ပွဲ၌ ရလဒ်ကောင်းနိုင်

*မိမိတို့အသင်း အဖွင့်ပွဲစဉ်၌ နိုင်ပွဲရရှိသကဲ့သို့ မြောက်ကိုရီးယားအသင်းလည်း ဘရာဇီးနှင့်ပွဲတွင် ရလဒ်ကောင်းနှင့် ကြုံတွေ့နိုင်ကြောင်း၊ မြောက်ကိုရီးယားအသင်း၏ ခြေစွမ်းလည်း အကောင်းဆုံးအနေအထားရောက်ရှိနေကြောင်း တောင်ကိုရီးယားအသင်း ခေါင်းဆောင် ပတ်ဂျီဆန်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဇွန် ၁၄ရက်၌ ပြောကြားသည်။*

### နည်းပြများ၌ စိတ်ဝင်စားမှုအခံရဆုံး မာရာဒိုနာ

*၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် အသင်းများ၏ နည်းပြများအနက် အာဂျင်တီးနားအသင်းနည်းပြ မာရာဒိုနာမှာ ပွဲကစားစဉ် အချိန်များနှင့် ပွဲချိန်ပြင်ပ၌ ပရိသတ်များစိတ်ဝင်စားမှုအခံရဆုံးနည်းပြတစ်ဦးဖြစ်ကြောင်း နည်းပြစစ်တမ်းပြုစုရေး အဖွဲ့က ဇွန် ၁၄ရက်၌ သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)*

# မြန်မာအမျိုးသား လက်ရွေးစင်ဘော်လီဘောအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhenjiang မြို့၌ ကျင်းပပြီးစီးသွားသည့် 2010 Asian Men's Club Volleyball Championship ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခဲ့သော ဦးသိန်းဝင်း ခေါင်းဆောင်သည့် Asian World Club အမည်ဖြင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အမျိုးသား လက်ရွေးစင် ဘော်လီဘောအသင်းသည် **(အောက်ပုံ)** ယနေ့နံနက်ပိုင်းတွင် ရန်ကုန် မြို့သို့ ပြန်လည် ရောက်ရှိလာရာ အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

**ရရှိ**

အဆိုပါ ပြိုင်ပွဲတွင် ပထမ အီရန်၊ ဒုတိယ ကာတာ ၊ တတိယ ဂျပန်၊ စတုတ္ထ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပဥ္စမ ကာဇက်စတန်၊ ဆဋ္ဌမ ထိုင်း၊ သတ္တမ ဗီယက်နမ်၊ နဝမ အင်ဒိုနီးရှား၊ ဒသမ ဥဇဘက်ကစ္စတန် နှင့် အဆင့်(၁၁)ဘာရိန်းတို့က အသီးသီးရရှိ သွားကြသည်။

**လက်ရည်သွေး**

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသား လက်ရွေးစင်ဘော်လီဘော အသင်းသည် ပြိုင်ပွဲဝင် (၁၁)သင်းအနက် အဆင့်(၈)ရရှိခဲ့ပြီး အာရှအဆင့်ရှိ နိုင်ငံ တကာ ဘော်လီဘောပြိုင်ပွဲ အတွေ့အကြုံ ကြွယ်ဝသော ပြိုင်ဘက်အသင်းများနှင့် ထိတွေ့ယှဉ်ပြိုင် ကစားခဲ့ခြင်းကြောင့် မြန်မာဘော်လီဘော အသင်းအနေဖြင့် ၂၀၁၁ခုနှစ် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများအတွက် ကြိုတင်လက်ရည် သွေးသည့် ပြိုင်ပွဲဖြစ်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



# ဘရာဇီးတို့ အနိုင်ရလဒ်သုံးမှတ်ဖြင့် အောင်ပွဲခံနိုင်ပါ့မလား

## အိုင်ဗရီကို့စ်နှင့်အဖွင့်ပွဲစဉ်၌ ထိပ်တိုက်တိုးသည့် ဒိုလေးတို့ပေါ်တူဂီ

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၁၄

**၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို တောင်အာဖရိကတွင် ဆက်လက်ကျင်းပလျက်ရှိရာ ဇွန် ၁၅ ရက် (ယနေ့)၌ အုပ်စု(ဆ)မှ အသင်းများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ မရဏာအုပ်စုဟုသတ်မှတ်ထားသည့် အုပ်စု(ဆ)မှ အသင်းများပါဝင်ပြီး ပွဲစဉ်(၁၂)အဖြစ် နယူးဇီလန်နှင့် ဆလိုဗက်ကီးယား၊ ပွဲစဉ်(၁၃)အဖြစ် အိုင်ဗရီကို့စ်နှင့် ပေါ်တူဂီ၊ ပွဲစဉ် (၁၄)အဖြစ် ဘရာဇီးနှင့် မြောက်ကိုရီးယားတို့ ကစားကြမည်ဖြစ်ရာ ပရိသတ်အကြိုက်ပွဲများပင်ဖြစ်သည်။**

ပွဲစဉ် (၈) အဖြစ် ဇွန် ၁၄ ရက်က ဂျာမနီနှင့် ဩစတြေးလျတို့ပွဲတွင် ဂျာမနီတို့က လေးဂိုးပြတ်သွင်းပြီး ပရိသတ်ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ပြီဖြစ်သည်။ ယနေ့ပွဲများ၌ နာမည်ကြီးဘရာဇီးနှင့် ပေါ်တူဂီအသင်းတို့ ပရိသတ်မျှော်မှန်းသလို ဖြစ်၊ မဖြစ် ရင်ခုန်စွာဖြင့် စောင့်ကြည့်ရမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်းတို့၏ လက်ရှိအနေအထားကို သုံးသပ်ဖော်ပြရပါလျှင်-

### နယူးဇီလန်နှင့် ဆလိုဗက်ကီးယား

ဆလိုဗက်ကီးယားအသင်းက ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၃၄)ဖြစ်ပြီး နယူးဇီလန်က ဖီဖာသတ်မှတ်ချက် ၇၇ ၌ ရှိနေသည်။ ဆလိုဗက်ကီးယားအသင်းနည်းပြဝီအစ်က အမြန်ပေးစနစ်ကို အချိန်ယူလေ့ကျင့်ထားပြီး ၄း၃း၃ အခင်းအကျင်းဖြင့် ပွဲထွက်မည်ဟုဆိုထားသည်။ နယူးဇီလန်တိုက်စစ်၌ ခရစ်ဝုဒ်၊ ကီလန်နှင့် ဘရော့တီတို့က ပရီမီယာလိဂ်၌ ကစားနေကြသူများဖြစ်သည်။ ဘောလုံးထိန်းသိမ်းမှုကောင်းသော်လည်း အဆုံးသတ်ဂိုးသွင်းမှု အားနည်းချက် ရှိနေသည်။ သို့သော် တွန်းတွန်းတိုက်တိုက် ကစားနိုင်ကြသူများဖြစ်ရာ ခံစစ်မှူးများ အမှားလုပ်မိပါက ဂိုးရအောင် သွင်းနိုင်ကြသည်။ နယူးဇီလန်၏ကွင်းလယ်၌ ဖန်တီးတတ်သူများ နည်းပါးနေသည်။ ဘာရွန်၊ အီလော့နှင့် မူလာဂန်တို့ရှိသော်လည်း ဖြတ်တောက်အားမကောင်းချေ။ တိုက်စစ်ကို ပံ့ပိုးမှုထက် ကိုယ်တိုင်ဂိုးသွင်းလိုသူများ ဖြစ်နေသည်။ ခံစစ်ပိုင်းတွင် ဘလက်ဘန်း၌ ကစားနေသော နယ်လ်ဆင်တို့အုပ်စုက အမှားအယွင်းနည်းကြ၍ ခံသာနေသည်။ သို့သော် နယူးဇီလန်တို့က စုစည်းမှုအားကောင်းသည်။

ဆလိုဗက်ကီးယားအသင်း၌ ရှော်လ်ကေးတွင် ကစားနေသော ဗွန်ဒရီဆက်၊ ဘက်တစ်၌ ကစားနေသော ဟိုလော့ကို၊ ဘိုချန်၌ကစားနေသော ဆက်တစ်တို့က တိုက်စစ်ကို ဦးဆောင်ကြမည်ဖြစ်ရာ အင်အားကောင်းနေသည်။ နယူးဇီလန် နောက်တန်းကိုပါဝါနှင့်လျင်မြန်မှုတို့အားပြုပြီးဖြတ်ကျော်နိုင်ကြသည်။ကွင်းလယ်တွင်လည်း တိုက်စစ် အားပြုကစားတတ်သည့် ဟမ်းဆစ်၊ စကော့ချန်နှင့် ဝီဆစ်တို့က ဘောလုံးဖြန့်ဝေမှုအပိုင်း ကောင်းမွန်ကြသည်။ ကစားကွက်ကို တည်တည်ငြိမ်ငြိမ်နှင့် ထိန်းနိုင်ကြသည်။ ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ ဆလိုဗက်ကီးယားတို့တိုက်စစ်က အရှိန်အဟုန်ကောင်းမည်ဖြစ်သည်။

နောက်တန်း၌ မာတင်ဦးဆောင်သည့် ခံစစ်မှူးများကြောင့် ဆလိုဗက်ကီးယားအသင်း ရှေ့လယ်နောက်မျှတလျက်ရှိရာ နယူးဇီလန်တို့ တော်ရုံအားထည့်၍ ရမည်မဟုတ်ချေ။ အဖွင့်ပွဲစဉ်အဖြစ် ဆလိုဗက်ကီးယားတို့ အနိုင်ကစားမည်ဖြစ်သော်လည်း စုစည်းမှုအားကောင်းသည့် နယူးဇီလန်တို့ကြောင့် အားချင်းယှဉ်ပါက ဟန်ချက် မျှနေမည်သာဖြစ်ရာ အမှားပြုသူတို့သာ အရှုံးနှင့်ရင်ဆိုင်ရနိုင်လေသည်။



**ကာလူးရဲ့ ထိုးဖောက်မှုတွေက အိုင်ဗရီကို့စ်အတွက် နိုင်ပွဲရစေနိုင်မလား။**

### အိုင်ဗရီကို့စ်နှင့် ပေါ်တူဂီ

အုပ်စု(ဆ)မှ အသင်းများအတွက် ပွဲဦးထွက်ပင်ဖြစ်သည်။ အိုင်ဗရီကို့စ်က အာဖရိကကမ္ဘာ့ဖလားပွဲ၌ မှတ်တမ်းသစ်ရေးချင်သည့်အသင်း၊ ပေါ်တူဂီက ကမ္ဘာ့ဖလားသမိုင်း၌ အောင်မြင်မှုအရှိဆုံးအဖြစ် အောင်လံလွှင့်ထူ လိုသော ဆန္ဒပြင်းပြနေသည့်အသင်းဖြစ်ရာ ဇွန် ၁၅ ရက်**(ယနေ့)**၌ ထိပ်တိုက်ဆုံတွေ့ကြခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းတွင် နည်းပြကွီရော့ဇ်က စီရိုနယ်ဒိုကို အားထားနေသည်။ အသင်းအောင်မြင်မှုနှင့် ရွှေဖိနပ်ဆုအတွက်ပါ မျှော်လင့်ချက်ထားသည်။ ပေါ်တူဂီအသင်း၏ခြေစမ်းပွဲရလဒ်များက အားရစရာ မကောင်းသော်လည်း ကမ္ဘာ့ဖလားပွဲစဉ်များတွင် အနိုင်ရအောင်ကစားတတ်သည့် အစဉ်အလာရှိသည်။ ပေါ်တူဂီရှေ့တန်းတွင် ဘင်ဖီကာ၌ ကစားနေသည့် အမိုရာနှင့် ရီရဲမက်ဒရစ်တောင်ပံကစားသမား စီရိုနယ်ဒိုတို့ကအတွဲညီသည်။ နေရာစုံမှ ထိုးဖောက်ကစားနိုင်သည်။ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်း ဂိုးရအောင်သွင်းယူနိုင်ကြသည်။ ကွင်းလယ်တွင်လည်း ဒေကို၊ တီယာဂိုနှင့်ပီပီတို့က ရှေ့နောက် အချိတ်အဆက်မိမိ ကစားနိုင်ကြသည်။ တိုက်စစ်ကိုလည်း ပံ့ပိုးကာ အုပ်စုဖွဲ့ထိုးဖောက်တိုက်စစ်ဆင်နိုင်သည်။ နောက်တန်း၌ မီဂွယ်လ်၊ကာပယ်ဟို၊ အဲလ်ဗက်နှင့် ဖာဘီရိုတို့က တစ်ဖက်အသင်းတိုက်စစ်ကို ဟန့်တားနိုင်သည်။ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဂ်ဘာ ပါဝင်ကစားနိုင်ခဲ့လျှင် ကာပယ်ဟိုက အထာသိနေသူမို့ ကောင်းကောင်းတားဆီးနိုင်မည်ဖြစ်သည်။ပေါ်တူဂီအသင်း၏ကစားအားက အိုင်ဗရီကို့စ်ထက် သာလွန်မှုရှိသည်က အမှန်ပင်။

အိုင်ဗရီကို့စ်အသင်း၌ ဒရော့ဂ်ဘာ ပါဝင်နိုင်မှုက မသေချာပေ။ ပါဝင်ကစားနိုင်ခဲ့လျှင် ကြံ့ခိုင်မှုက ပြည့်မည် မဟုတ်။ သို့သော် ကာလူးနှင့် ဘာကာရီတို့က တိုးအား၊ တွန်းအားကောင်းကြသူများဖြစ်ပြီး အခက်အခဲများကြားမှ ဂိုးသွင်း



**ဘရာဇီးအတွက် ဂိုးရရှိရေး ရော်ဘင်ဟို ဘယ်လို ဖန်တီးပေးမလဲ။**

နိုင်ကြသူများဖြစ်သည်။ ကွင်းလယ်တွင် ယာယာတိုရေး၊ ကိုရာ၊ ရှိဆိုနှင့် ကီတာတို့လည်း တစ်ကွင်းလုံး ကစားနိုင်ကြသူများဖြစ်သည်။ ပေါ်တူဂီတိုက်စစ်ကို ဖြတ်တောက်နိုင်ကြသူများဖြစ်ပြီးကွင်းလယ် ကစားအားကို စီးထားနိုင်သူများဖြစ်ကြသည်။ ခံစစ်တွင်လည်း အီဘူး၊ ကိုလိုတိုရေး၊ ဒီမဲလ်နှင့် ဘိုတာတို့ကလည်း အဝင်အထွက်ရဲရဲဖြင့် ပေါ်တူဂီတိုက်စစ်မှူးများကို ဟန့်တားထိန်းချုပ်နိုင်ကြသူများဖြစ်သည်။ နှစ်သင်းစလုံး တိုက်စစ်၊ ခံစစ်မျှအောင် ကစားကြမည်ဖြစ်ပြီး တိုက်စစ်ကိုလည်း အလွန်အကျွံမဖွင့်သလို ခံစစ်ကိုလည်း ထိုင်ပြီးကစားကြမည် မဟုတ်ချေ။ ပေါ်တူဂီနှင့် အိုင်ဗရီကို့စ်တို့ပွဲ၌ အနိုင်ရလဒ်အတွက် အခွင့်အရေးချိန်ခွင်လျှာ တိမ်းစောင်းမှု ရှိမည်မဟုတ်ဘဲ သရေရလဒ်ကို ဦးတည်မည်ဟု ယူဆရသည်။

### ဘရာဇီးနှင့် မြောက်ကိုရီးယား

တောင်ကိုရီးယားတို့က နှစ်ဂိုးပြတ်ဖြင့် ဂရိကိုအနိုင်ယူခဲ့သည့်အတွက် မြောက်ကိုရီးယားကို ဘရာဇီးတို့ လျှော့တွက်၍ မရတော့ချေ။ ကမ္ဘာ့ဖလားသမိုင်းထဲက ပုံရိပ်များ၌ ၁၉၆၆ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် မြောက်ကိုရီးယားတို့က အီတလီကို နိုင်ပွဲရှိခဲ့ဖူးသည်။ ကမ္ဘာ့ဖလားပွဲနှင့် (၄၄)နှစ်ကင်းကွာပြီး တစ်ကျော့ပြန် ဝင်နွှဲလာသော မြောက်ကိုရီးယားတို့ခြေစွမ်းက ဘရာဇီးကိုပင် တည်တည်ငြိမ်ငြိမ်ကစားနိုင်သည့် အနေအထားရှိနေသည်။ မြောက်ကိုရီးယားနည်းပြ ကမ်ဂျွန်ဟွမ်က ပြည်တွင်းကလပ်အသီးသီးမှ ကစားသမားဖြင့်စုစည်းထားသည်။ လေ့ကျင့်မှုကို တစ်နှစ်ကျော်ကြာပြုလုပ်ထားရာ အသားကျနေပြီဖြစ်သည်။ မြောက်ကိုရီးယားတိုက်စစ်တွင်ပတ်ဆောင်ဟွတ်စ်၊ ရီချိုမြောင်၊ ရီဂွန်အီတို့က ဘရာဇီးနောက်တန်းကို မည်သို့ကျော်ဖြတ်ဂိုးသွင်းမလဲစောင့်ကြည့်ရမည်။ မြောက်ကိုရီးယားတိုက်စစ်မှူးများက ခြေစစ်ပွဲများတွင် စုစုပေါင်း ၁၆ ဂိုးသွင်းယူထားရာ ဘရာဇီးနောက်တန်း သတိထားရမည်ဖြစ်သည်။

ဘရာဇီးတို့က ယခုနှစ်၌ ဖလားရယူရေး မှန်းနေသူများဖြစ်ရာ နည်းပြဒွန်ဂါက ပွဲတိုင်းအနိုင်ရရေးပြင်ဆင်ထားသည်။ ဘရာဇီးတိုက်စစ်တွင် ရော်ဘင်ဟို၊ ဖေဘီယာနို၊ နီမာရာနှင့် ဂရာဒီဘီတို့ရှိနေရာ မြောက်ကိုရီးယား နောက်တန်းကို



**စီရိုနယ်ဒို သွင်းဂိုးနဲ့ ပေါ်တူဂီ အောင်ပွဲခံအောင် စွမ်းဆောင်ပေးမလား။**

ဘောလုံးကျွမ်းကျင်မှု အရည်အသွေးများဖြင့် ကျော်ဖြတ်ကြမည်ဖြစ်သည်။ ကွင်းလယ်တွင် ကာကာ၊ မီလို၊ ဖလာမင်ဂိုတို့ရှိနေသည်။ မြောက်ကိုရီးယားတိုက်စစ်ကို ကွင်းလယ်မှဟန့်တားပြီး ကွင်းလယ်ကစားအားဖြင့် ဘရာဇီးတို့ ဂိုးရအောင်သွင်းယူရန် နည်းပြဒွန်ဂါစီမံမည်ဖြစ်သည်။ နည်းစနစ်ပိုင်းနှင့် တစ်ဦးချင်းအရည်အသွေးတို့၌ ဘရာဇီးတို့အားသာသော်လည်း စိတ်ဓာတ်ပိုင်း မာကျောသည့် မြောက်ကိုရီးယားတို့ကလည်း မမျှော်လင့်သော ရလဒ်များ ဖန်တီးသွားနိုင်သည်။ သို့သော် အကြိုက်က ဘရာဇီးပင်ဖြစ်ပြီး မြောက်ကိုရီးယားတို့ အမြင့်ဆုံးမျှော်မှန်းနိုင်သည်က သရေရလဒ်ဟုသာဆိုရပေမည်။ ။

**ကိုးကား-အင်တာနက်**

# ဂျာမနီတို့ လေးဂိုးပြတ်သွင်းပြီးအောင်ပွဲခံ

## တောင်အာဖရိက ကမ္ဘာ့ဖလားတွင် ရေပန်းအစားဆုံးအသင်းဖြစ်လာ

မောင်ချစ်ကြည် - ရေးသားသည်

**ကိတ်ဗ်တောင်း ဇွန် ၁၄**

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၈)အဖြစ် ဂျာမနီနှင့်ဩစတြေးလျတို့ ဇွန် ၁၄ရက်၌ ယှဉ်ပြိုင်ကစားရာ နာမည်ကြီးဂျာမနီတို့က လေးဂိုးပြတ်ဖြင့်နိုင်ပွဲရရှိပြီး လက်ရှိကမ္ဘာ့ဖလားပွဲ၌ ကစားပြီးသမျှ ဘောလုံးအသင်းများတွင် ဂိုးအများဆုံး သွင်းယူနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့သည်။

### ခင်းကျင်း

ဂျာမနီအသင်းနည်းပြဂျိုအာချင်လိုသည် ဂျာမနီအသင်းကို တစ်နှစ်ကျော် အထိုင်ချလေ့ကျင့်ထားသည့် ၄း၃း၂း၁ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သည်။ တိုက်စစ်တွင် ကလိုဆေးတစ်ဦးတည်းမြားဦးထားကာ ကွင်းလယ်မှ မူလာ၊ ပိုဒေါစကီးနှင့် အိုဇယ်တို့ကို တိုက်စစ်၌ ဝိုင်းရံစေခဲ့သည်။ နောက်တန်းတွင် အသင်းခေါင်းဆောင် ဖီးလစ်လမ်းဦးဆောင်သည့် ခံစစ်မှူးများက ခံစစ်ကို လုံအောင်ကစားစေခဲ့ပြီး တိုက်စစ်ဖွင့်ကာ တစ်ရှိန်ထိုး တိုက်စစ်ဆင်ခဲ့သည်။

### အဖွင့်ဂိုး

ဩစတြေးလျတို့က ဂါစီယာ၊ ဗယ်လာရီ၊ ကူလီနာနှင့် အီမာတန်တို့ကို အမာခံထားပြီး ဂျာမနီကိုရင်ဆိုင်ခဲ့သည်။ ဂျာမနီအသင်းသည် ပွဲစတင်သည်နှင့် ဩစတြေးလျဘက်သို့ တိုက်စစ်ဖွင့်ကာ ဘယ်၊ ညာနေရာစုံမှဖောက်ပြီး ဂိုးသွင်းရန် ကြိုးစားခဲ့သည်။ ဩစတြေးလျတို့က ဂျာမနီတိုက်စစ်ကို ဟန့်တားခဲ့သော်လည်း ကိုးမိနစ်၌ ဂျာမနီကွင်းလယ်ကစားသမား သောမတ်မူလာက ညာခြမ်းမှ ဂိုးရှေ့ဖြတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ပိုဒေါစကီးက မနားတမ်းကန်သွင်းခဲ့သဖြင့် ဂျာမနီတို့ အဖွင့်ဂိုးစတင်ရရှိခဲ့သည်။



**ဂျာမနီအတွက် ဒုတိယဂိုးကို ကလိုဆေး(ယာ) ဤသို့ ခေါင်းတိုက် သွင်းယူခဲ့သည်။**

### ဒုတိယဂိုး

ဂျာမနီတို့ အဖွင့်ဂိုးရရှိပြီး ဆက်တိုက်ထိုးဖောက်ကစားရာ ဩစတြေးလျအသင်းခေါင်းဆောင် နေးလ်ဦးဆောင်သည့် ခံစစ်မှူးများ မထိန်းနိုင်ဘဲရှိခဲ့ရာမှ ၂၆ မိနစ်၌ ဂျာမနီအသင်းခေါင်းဆောင် ဖီးလစ်လမ်း ညာခြမ်းမှဖြတ်တင်ပေးလိုက်သော ဘောလုံးကို တိုက်စစ်မှူး ကလိုဆေးက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂျာမနီတို့ ဒုတိယဂိုး ရရှိခဲ့ပြန်သည်။

### အနီကတ်

ဩစတြေးလျတို့ ချေပဂိုးများရရှိရေး ကြိုးစားခဲ့ရာမှ ပွဲချိန် ၅၆ မိနစ်၌ ဩစတြေးလျအသင်းမှ တင်ကာဟေးလ် အနီကတ်ပြထုတ်ပယ်ခံရသဖြင့် ဩစတြေးလျတို့ ၁၀ ဦးတည်းဖြင့် ဆက်လက်ကစားခဲ့ရသည်။ ကာဟေးလ်သည် ယခုကမ္ဘာ့ဖလားဘောလုံးပွဲ၌ ဒုတိယမြောက် အနီကတ်ပြအထုတ်ခံရသည့် ကစားသမားဖြစ်ခဲ့သည်။

### တတိယဂိုး

ဂျာမနီတို့က ၁၀ဦးတည်းနှင့်ကစားရသော ဩစတြေးလျအသင်းအား ကစားအားမချဘဲ ဆက်တိုက်ထိုးဖောက် ကစားခဲ့ရာ ၆၈မိနစ်၌ လူငယ်ကစားသမား မူလာက ဩစတြေးလျဂိုးဧရိယာထိပ်မှ အပြေးကန်သွင်းယူခဲ့ရာမှ ဂျာမနီတို့ တတိယဂိုး ရရှိခဲ့သည်။ ဂျာမနီတို့ ဂိုးရရှိရေး ဆက်တိုက်ကြိုးစားခဲ့ရာ အိုဇယ် ဩစတြေးလျ ဂိုးသမားနှင့် တစ်ဦးချင်းအတွေ့ အပိုင်ကန်သွင်းမှုလွဲချော်ခဲ့ရသဖြင့် နစ်နာခဲ့ရသည်။

### စတုတ္ထဂိုး

၆၉မိနစ်၌ ဂျာမနီတိုက်စစ်မှူးကလိုဆေးအစား ကာကော့ဝင်ရောက်ကစားခဲ့သည်။ ကာကော့ဝင်ရောက်ကစားပြီး နှစ်မိနစ်အကြာ၌ ဂျာမနီအတွက် စတုတ္ထဂိုးသွင်းယူခဲ့သဖြင့် ဂျာမနီတို့ လေးဂိုးပြတ်ဖြင့် ပြတ်ပြတ်သားသား နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် ပွဲဦးထွက်လေးဂိုးပြတ်သွင်းယူနိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားအတွက် ရေပန်းစားလာခဲ့သည်။ ။ **(အင်တာနက်)**

# ပလတ်စတစ် ဆန်ခါပိုက်အသုံးပြု သဲကုန်း၌ စပါးပျိုးထောင် စိုက်ပျိုးနည်းပြသ

**သဲကုန်း ဇွန် ၁၄**

သဲကုန်းမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ပွဲပြည့်စိုက်ပျိုးရေးခြံ စိုက်ကွင်းတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ပလတ်စတစ်ဆန်ခါပိုက် အသုံးပြု၍ စပါးပျိုးထောင်စိုက်ပျိုးနည်းသစ်ပြပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းမန်နေဂျာ ဦးအေးကိုကိုက အမှာစကားပြောကြားသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ပွဲပြည့်ခြံမန်နေဂျာ ဦးလှတိုးက ဦးဆောင်လက်တွေ့ပြသခဲ့ရာ တိုင်းမန်နေဂျာ ဦးအေးကိုကို၊ မြို့နယ် အတွင်းရေးမှူး ဦးဇော်ဇော်ထွန်း၊ မြို့နယ် မန်နေဂျာ ဦးအောင်ဝင်းနှင့် ဝန်ထမ်းများ ရွာသစ်ကျေးရွာအုပ်စုအတွင်းမှ တောင်သူ ၁၅၀ ခန့် တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**



# ကံမမြို့တွင် သစ်ပင်စိုက်ပွဲကျင်းပ

**ကံမ ဇွန် ၁၄**

သရက်ခရိုင် ကံမမြို့ အမှတ်(၄)ရပ်ကွက် မီးရထားလမ်းဘေးတောင်ကုန်းတွင် ဇွန် ၅ရက်က ဓီဝမျိုးစုံလင်ကမ္ဘာတစ်ခွင် ထာဝစဉ်တည်တံ့ရေးထိန်းသိမ်းပေး အထိမ်းအမှတ်သစ်ပင်စိုက်ပွဲတော်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်နှင့် ဝန်ထမ်းများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ၁၅၀ ခန့်တို့က သစ်ပင်မျိုးစုံအပင် ၅၀၀ကို စိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ**

# ဂျာမန်ပြုပြင်ရေးသမား ဖိလစ်မေလန်ခသွန်

၁၆-၂-၁၄၉၇ မှ ၁၉-၄-၁၅၆၀

**တိုး - ရေးသားသည်**

ဖိလစ်မေလန်ခသွန်သည် မာတင်လူသာ၏တပည့်ဖြစ်သည်။ ပရိုတက်စတင့် ခေါင်းဆောင် မာတင်လူသာ၏ သဘောတရားများကို ယုံကြည်သော်လည်း သူသည် သဘောထားကွဲလွဲမှုများရှိသည်။ သူသည်လက်တွေ့သမားမဟုတ်ဘဲ စာပေပညာရှင်တစ်ဦးသာဖြစ်သည်။ မာတင်လူသာ ရှုတ်ချခဲ့သော အရစ္စတိုတယ်၏ အတွေးအခေါ်နှင့် ယေဘုယျဥပဒေသများကို သူကဖော်ထုတ်ပေးသည်။ သူသည် သမ္မာကျမ်းပေါ်တွင် အခြေပြုသော စကြဝဠာလုံးဆိုင်ရာ နိုင်ငံရေးနှင့် လူ့ကျင့်ဝတ်အတွေးအခေါ်တစ်ရပ်ကို ဖန်တီးရန်ကြိုးပမ်းခဲ့သည်။



### သမ္မာကျမ်းစာသင်ယူ

ဂျာမန်ပြုပြင်ရေးသမား ဖိလစ်မေလန်ခသွန်ကို ကားလ်ရုအနီး ဘရက်တင်တွင် ၁၄၉၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က မွေးဖွားသည်။ ၁၅၀၇ ခုနှစ်တွင် ဖော်ဇိန်းရှိ လက်တင်ကျောင်းသို့ သူ့ကိုအပ်သည်။ လက်တင်နှင့်ဂရိကဗျာများ၊ အရစ္စတိုတယ်၏ ဒဿနိကအမြင်များကို လေ့လာခွင့်ရသည်။ ၁၅၀၉ ခုနှစ်တွင် ဟိုင်ဒယ်ဘတ်တက္ကသိုလ်သို့ တက်ရောက်ပြီး ဒဿနိကဗေဒ၊ ဗေဒင်နှင့် နက္ခတ္တဗေဒတို့ကို သင်ယူသည်။ ၁၅၁၂ ခုနှစ်တွင် ထိုမှ တူဘင်ဂင်သို့သွားရောက်ပြီး ဒဿနိကဗေဒကိုသာမက သင်္ချာနှင့် ဆေးဝါးတို့ကိုပါ ဆည်းပူးလေ့လာသည်။ ၁၅၁၆ ခုနှစ်တွင် ဒဿနိကဗေဒ မဟာဝိဇ္ဇာဘွဲ့ရယူသည်။ ထို့နောက် သမ္မာကျမ်းစာကို သင်ယူခဲ့သည်။

### အလေးထား

သူသည် သဘာဝတရားကို အထူးအလေးထားသည်။ သဘာဝတရားများ၌ ဘုရားသခင်၏ အလိုတော်အတိုင်း လူသားများ လက်ခံနိုင်မည့် အခြေခံများ ရှိသည်ဟုဆိုသည်။ နိုင်ငံတော်သည် ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်၍ အချုပ်အခြာအာဏာနှင့် ပြည့်စုံရမည်။ သို့သော် ဘာသာရေး ချုတ်ချော်တိမ်းပါးမှုများနှင့် လွဲမှားသော ကိုးကွယ်မှုကို နှိမ်နင်းရမည်။ ဘာသာရေးအဖွဲ့မှ ပစ္စည်းများ အလွဲသုံးစားပြုလုပ်ခြင်းကို သိမ်းယူခြင်းမှာ တရားသည်ဟု ဆိုသည်။

### အလိုမကျ

ကျေးကျွန်များရှိခြင်းကိုလည်း ယူဆလက်ခံသည်။ အာဏာဖီဆန်သော လယ်သမားကိစ္စကို သူကအလိုမကျပေ။ အင်ပါယာစနစ်ကို မလိုလား။ ကမ္ဘာပေါ်တွင် လွတ်လပ်ပြီး သီးခြားရှိသော နိုင်ငံများရှိနေရမည်ဟု ဆို၏။

အုပ်ချုပ်သော မင်းများမှာ ဘုရားသခင်၏ အလိုတော်အတိုင်း အချုပ်အခြာအာဏာ ရှိရမည်။ ပြည်သူတို့ကလည်း ဘုရင့်ဩဇာကို ခံယူရမည်။ သို့သော် မင်းများ၏ မတရားစိုးမိုးမှုကား ပြည်သူတို့က ဆန့်ကျင်တော်လှန်ခြင်းကိုမူ သူက ထောက်ခံသည်။ ။

ကိုးကား-အင်တာနက်

**ဖိလစ်မေလန်ခသွန်သည် မာတင်လူသာ၏တပည့်ဖြစ်သည်။ ပရိုတက်စတင့် ခေါင်းဆောင် မာတင်လူသာ၏ သဘောတရားများကို ယုံကြည်သော်လည်း သူသည် သဘောထားကွဲလွဲမှုများရှိသည်။ သူသည် လက်တွေ့သမား မဟုတ်ဘဲ စာပေပညာရှင်တစ်ဦးသာဖြစ်သည်။ ကမ္ဘာပေါ်တွင် လွတ်လပ်ပြီး သီးခြားရှိသော နိုင်ငံများရှိနေရမည်ဟု ဆို၏။**

## ဘဝဒဿန

* If you have something you don't need, give it to someone who needs it. It will come back in one way or another.

\- အကယ်၍ သင့်ထံ၌ အသုံးမလိုသောပစ္စည်းတစ်ခုခုရှိနေပါက အသုံးလိုနေသူထံ ပေးအပ်လိုက်ပါ။ ထိုလုပ်ဆောင်ချက်ကြောင့် တစ်နည်းနည်းဖြင့် သင့်ထံသို့ တုံ့ပြန်မှု ရှိလာပါလိမ့်မည်။

* 1f you don't want your life to be messed up, don't fool around with those who have messed up theirs.

\- အကယ်၍ သင့်ဘဝအား ကမောက်ကမ ဖြစ်မသွားစေလိုပါက ဘဝကို ကမောက်ကမဖြစ်အောင် ပြုလုပ်တတ်သူများနှင့် အပေါင်းအသင်းမလုပ်ပါနှင့်။

* The mind grows only through use, and it atrophies through idleness.

\- စိတ်ကိုအသုံးချသည့်အခါကျမှသာ စိတ်သည် ကောင်းမွန်သည့်အနေအထားဖြင့် လူ့ဘောင်ဘဝကို ကြီးမြင့်အောင် လုပ်ဆောင်တတ်သည်။ အသုံးမချပါမူ သိမ်ဖျင်းယုတ်လျော့သည့် အခြေအနေဖြစ်အောင် ပြုလုပ်တတ်သည်။

ချားလ်ဝီလျံ

**နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ**

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

**မောင်မောင်မြင့်ဆွေ ရေးသား၍**

**ဝင်းနိုင် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်**



### ကမ္ဘာ့အကြီးဆုံး ဒိန်ခဲရုပ်တု

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အနောက်ပိုင်း၌နေထိုင်သူ အသက်၄၆နှစ်အရွယ် ပူလင်အမည်ရှိ အမျိုးသမီးတစ်ဦး ပြုလုပ်ထားသည့် ဒိန်ခဲရုပ်တုတစ်ခုသည် အမြင့် ၁ ဒသမ ၂ မီတာမြင့်ပြီး အလေးချိန် ၅၀၀ ဒသမ ၄ ကီလိုဂရမ်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဒိန်ခဲရုပ်တုအဖြစ် ဇွန်၆ရက်က ဂင်းနက်စ် မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ) (အင်တာနက်)



### နံ့နက်စာ အရောင်းရဆုံးစံချိန်

အမေရိကန်နိုင်ငံ ဝဲလ်လိုကျွန်းပေါ်တွင် နံ့နက်စာ တည်ခင်း ရောင်းချသောဆိုင်၌ ယခုနှစ် လေးလတာကာလအတွင်း နံ့နက်စာပွဲ ပေါင်း ၂၀၉၃၇၆ပွဲ ရောင်းချခဲ့ရသဖြင့် ကမ္ဘာပေါ်၌ နံ့နက်စာအရောင်းရဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇွန်၄ရက်က ဖော်ပြခံရသည်။(အပေါ်ပုံ) (အင်တာနက်)



### ကမ္ဘာ့အကြီးဆုံးတယော

ဂျာမနီနိုင်ငံ ကရာချီပရာ အနုပညာတူရိယာပစ္စည်းများပြုလုပ်သူ ငါးဦးတို့က စုပေါင်းပြီး အရှည် ၄ ဒသမ၂၈မီတာ၊ အကျယ်၁ ဒသမ ၄၅ မီတာရှိသော တယောကြီးတစ်ခုကိုပြုလုပ်ခဲ့ရာ ယင်းတယောကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးတယောကြီးအဖြစ် ဇွန်၅ရက်၌ ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်)



## အိမ်တွင်းမှု အထူးနည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၄

**အိမ်တွင်းမှု အထူးနည်းပြသင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၄ရက် နံနက် ၈နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးဝင်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)

ထို့နောက်ကျောင်းအုပ်ကြီးက သင်တန်းတွင် စံပြထူးချွန်ဆုရ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မြိုင်ကြီးငူ)မှ အကူနည်းပြ ဒေါ်နော်ယဉ်ယဉ်ကျော်အား ထူးချွန်ဆုချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးသို့ ပေးအပ်သည်။

အသစ်ဖွင့်လှစ်မည့် ထို့ကော်ကိုး၊ လောက်ကိုင်၊ မြိုင်ကြီးငူ၊ ခန္တီးကျောင်းများသို့ ခန့်အပ်မည့် နည်းပြများနှင့် အင်အားဖြည့်တင်းမည့် လေရှီး၊ လဟယ်၊ နန်းယွန်းကျောင်းများ၌ ခန့်အပ်မည့် နည်းပြများဖြစ်သော သင်တန်းသူ ၂၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာရက်သတ္တ၂၆ပတ် ကြာမြင့်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ကျောင်းအုပ်ကြီးသည် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် စီမံခန့်ခွဲရေးသင်တန်းများနှင့် စာရေးဝန်ထမ်းသင်တန်းများ၏ စာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာနှင့် နှစ်ရှည်သီးနှံ၊ ရာသီသီးနှံစိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### တက်ရောက်

အိမ်တွင်းမှုအထူးနည်းပြသင်တန်းသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ

## ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မကွေးတိုင်းအတွင်းရှိဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ထူးသည် ဇွန် ၁၀ရက် နံနက်ရန် လိုအပ်ချက်များနှင့် မီးသတိရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို မှာကြားခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇွန်၁၁ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) မြို့နယ်စည်ပင်သာယာရေး အဖွဲ့များက မွန်းလွဲပိုင်းတွင် မကွေးတိုင်း အောင်လံမြို့ မြို့မဈေးသို့ လည်းကောင်း၊ ညနေပိုင်းတွင် တောင်တွင်းကြီးမြို့ မြို့မဈေးသို့ လည်းကောင်း သွားရောက်၍ ဈေးများအတွင်း မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှု



ပိုင်းက ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျင်းပသည့် ပြည်မြို့ရှိဈေးများ မီးဘေးကာကွယ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့တက်ရောက်၍ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ လိုက်ပါလျက် ပြည်မြို့ မြို့မဈေး၏ မီးဘေးကာကွယ်ရေး စီမံချက်ပါအတိုင်း ဆောင်ရွက်ထားရှိမှုနှင့် မြို့မဈေးအတွက်ဂါလန်၂၀၀၀၀ဆံ့မီးသတ်ရေလှောင်ကန်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** မီးသတ်ရေစင်ဆောက်လုပ်ရေး၊ ဈေးဆိုင်များ၌ မီးသတ်ဘူးများထပ်မံထားရှိရေး၊ မီးသတ်ရေကန်များ၊ မီးသတ်စက်များ အမြဲအသင့်ဖြစ်နေရေးတို့ကို မှာကြားသည်။

### လိုက်နာဆောင်ရွက်

ထို့နောက် ပြည်မြို့ရှိ အောင်မင်္ဂလာဈေး၊ ကိုးသောင်းဈေးနှင့် ခေတ္တရာမြို့သစ်ဈေးများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်တာဝန်ယူဖောက်လုပ်နေသည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ပေါက်ခေါင်းမြို့နယ်အပိုင်း၌ ကတ္တရာလမ်း ၉မိုင် ၅ဖာလုံ ဖောက်လုပ်နေမှုကို လိုက်လံစစ်ဆေးပြီး စစ်ဆေးကာ မီးသတ်ဆေးဘူးများ ပိုမိုထားရှိရေး၊ မီးသတ်ရေစင်ဆောက်လုပ်ပေးရေးတို့ကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## မြစ်ရေတင်နွေစပါးတိုးချဲ့စိုက်ကေ အမရပူရမြို့နယ်၌ ဖြစ်ထွန်းအောင်မြင်

မြစ်ငယ် ဇွန် ၁၀

မန္တလေးတိုင်း အမရပူရမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ဒုတိယဦးစီးမှူး ဦးအောင်စိုးတို့သည် မြို့နယ် စိုက်/ကြပ်အဖွဲ့ဝင်များ လိုက်ပါလျက် မေ ၁၀ရက် နံနက်၈နာရီက လိပ်ဆံခွန်လှျပ်စစ်မြစ်ရေတင်စီမံကိန်းမှ ပင်မမြောင်းဘေးတစ်လျှောက်ရှိ ယာမြေ ၁၁၉ဧကအား လယ်မြေအဖြစ်ပြောင်းလဲပြီး နွေစပါးတိုးချဲ့စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

### သီးနှံများဖြစ်ထွန်း

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်က နွေစပါးနှစ်သီးစား စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများ၏ လယ်ကြားမြောင်းများ တူးဖော်ထားရှိမှု အခြေအနေများနှင့် သီးနှံများဖြစ်ထွန်းအောင်မြင်စေရန် ဆောင်ရွက်ထားရှိမှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

### စိုက်ပျိုးနိုင်

အမရပူရမြို့နယ်၌ ၂၀၀၉-၂၀၁၀ခုနှစ်တွင် နွေစပါးစိုက်ပျိုးလျာထားဧက ၁၁၁၀၀ ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။ **(ဝဝ)**



**အမှတ်(၁)စက်မှုဝန်ကြီးဌာနကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးတက်တိုးက ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဘားအံမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ ရပ်/ကျေး စာရေးများအား တွေ့ဆုံရှင်းလင်းပြောကြားစဉ်။** (ခရိုင် ပြန်/ဆက်)





### ပဲကြိုးဖြတ်ဖွင့်လှစ်

**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၆ရက်က အဆိုပါရုံးရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးဇော်လတ်၊ သီပေါမြို့နယ်ဥက္ကဋ္ဌဦးကျော်ကျော်မောင်နှင့်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌဗိုလ်ကြီးသိန်းထိုက်ဦး(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ဝ၂ဝ)

## ကျေးရွာပြည်သူများ ရေရရှိရေး ဘုတလင်၌ သောက်သုံးရေဖြန့်ဝေ

ဘုတလင် ဇွန် ၈

မုံရွာခရိုင် ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးရွာများသို့ မေ ၁၄ ရက်မှ ၁၉ရက်အတွင်း အဖွဲ့ပိုင်ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် သောက်သုံးရေဖြန့်ဝေပေးခဲ့ရာ ရှမ်းတဲ၊ ရွှေတောင်၊ မြောက်ကြည်၊ ထတန်းကျေးရွာများနှင့် ခုံမင်းကြီးရပ်ကွက်ပြည်သူများအတွက် ရေဂါလန် ၁၂၀၀၀ကို ဖြန့်ဝေပေးခဲ့သည်။

### သောက်သုံးရေဖြန့်ဝေ

အဆိုပါသောက်သုံးရေဖြန့်ဝေခြင်းကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်နှင့်အဖွဲ့တို့က ကျေးရွာပြည်သူများအား သောက်သုံးရေဖြန့်ဝေမှုတို့ကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)



## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## မြောက်ဦးမြို့နယ် နဒင်ကျေးရွာ၌ စာဖတ်ပွဲကျင်းပ

*မြောက်ဦး ဇွန် ၁၁*

*စစ်တွေခရိုင် မြောက်ဦးမြို့နယ် နဒင်ကျေးရွာ တောပန်းအလင်းရောင်စာကြည့်တိုက်၌ မေ ၂၃ရက် နံနက် ၁၀နာရီက စာဖတ်ပွဲကျင်းပရာမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက စာဖတ်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မေ ၂၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဒုတိယရဲမှူးအေးစံ(ရဲဗလ)၏လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၏ အနှစ်သာရဆောင်းပါးအား စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော် ဖတ်ကြားမှုကို ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့သည်။*

*(မြို့နယ် ပြန်/ဆက်)*

## မြို့နယ် သတင်း ထွေထွေ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE အဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဇွန် ၁၄ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၃၃)ပါတီအနက် ပါတီ (၃၂)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်မြို့ ရန်ကုန်စက်မှုဇုန်ရှိ Star မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့် မော်တော်ဆိုင်ကယ်များကို ဇွန် ၁၂ရက်က တွေ့ရစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

## လေဆာပွိုင်တာဖြင့် မျက်စိကိုထိုးလျှင် မျက်ကြည်လွှာ ထိခိုက်ပျက်စီးနိုင်ဟုဆို

ကောင်းမြတ်သူ - ရေးသားသည်

*လန်ဒန် ဇွန် ၁၄*



*လေဆာပွိုင်တာများဖြင့် မျက်စိများအတွင်း မထိုးသင့်ကြောင်း၊ မျက်ကြည်လွှာ ထိခိုက်ပျက်စီးစေနိုင်ကြောင်း အင်္ဂလန် ဆရာဝန်များက သတိပေးထားသည်။*

*သတိပေး*

*အင်္ဂလန်နိုင်ငံ လီဗာပူး တော်ဝင်ဆေးရုံနှင့် မန်ချက်စတာ မျက်စိအထူးကုဆေးရုံတို့၌ လေဆာပွိုင်တာများဖြင့် မျက်စိအတွင်းထိုးကစားခဲ့သော ကလေးများအား ကုသပေးခဲ့ပြီးနောက် ဆရာဝန်များက သတိပေးလိုက်ခြင်းဖြစ်သည်။*

*ထိုသို့လေဆာပွိုင်တာများဖြင့် ကစားခြင်းကြောင့် ကလေးများသည် မျက်စိအတွင်း မီးလောင်သကဲ့သို့ ခံစားရပြီး မျက်ကြည်လွှာ ထိခိုက်ပျက်စီးစေခဲ့ကြောင်း ဗြိတိသျှဆေးဂျာနယ်တွင် ဖော်ပြထားသည်။*

*လုံးဝမျက်စိကွယ်*

*မျက်ကြည်လွှာ ထိခိုက်ခံရသဖြင့် အမြင်အာရုံ မှုန်ဝါးစေနိုင်သည့်အပြင် လုံးဝမျက်စိကွယ်သည်အထိ ဖြစ်လာနိုင်ကြောင်းဖြင့်လည်း ဆရာဝန်များက သတိပေးထားသည်။*

*အင်တာနက်*